
တက္ကသိုလ်
ဝင်းကြွယ်
မျက်ရှင်ဝက်ပါ
သိုင်းမာယာ

"နဂါးမျက်ရှင်ဝိဟာရ"၏ တတိယပရဝဏ်ထဲသို့ လှမ်းဝင်လိုက်သည် နှင့် "မိုးဟိန်းနဂါး"၏ ပုဆိန်ခုတ်ချက်ကို ရင်ဆိုင်ရသည်။

"ဝှီး"

ကြီးမားလေးလံသော နှစ်ဖက်သွားပုဆိန်ကြီးသည် အရှိန်အဟုန်ပြင်းစွာ အုပ်မိုးခုတ်ချလာသည်။

သူက "တံလျှပ်ခြေလှမ်းကွက်"ဖြင့် ကိုယ်ဟန်လှုပ်ရှား ရှောင်တိမ်းသည်။

ရှောင်တိမ်းမှုနှင့် အတူတွဲလျက် လျှပ်တစ်ပြက် တန်ပြန်တိုက်ကွက်ကိုလည်း တစ်ဆက်တည်း ဖော်ထုတ်သည်။

လွတ်သည် ဆိုရုံမှ တကယ့်ကို သီသီလေးလွတ်ရုံ ဖြစ်သည်။

ပုဆိန်ခုတ်ချက် လမ်းကြောင်း၏ စပါးလုံး တစ်ထောက်စာမျှသော အကွာအဝေးသို့ ရှောင်တိမ်းလိုက်သည်။ နှစ်ဖက်သွား ပုဆိန်ကြီးသည် သူ့လည်မျိုနှင့် စပါးလုံးတစ်ထောက်စာ အကွာမှ ကပ်၍ လွဲသွားသည်။

ပုဆိန်ခုတ်ချက်ကြောင့် ပေါ်ပေါက်လာသော လေလှိုင်း အဟုန်၏ ရိုက်ခတ်မှုကြောင့် သူ့လည်မျိုနှင့် ရင်ညွန့်တစ်ဝိုက်တွင် စပ်ဖျဉ်းဖျဉ်း နာကျင်မှုကိုပင် ခံစားလိုက်ရသည်။

သူ ရှောင်တိမ်းလိုက်သည့်နေရာသည် ပုဆိန်ခုတ်ချက် လမ်းကြောင်း၏ စပါးလုံးတစ်ထောက် အကွာဖြစ်သလို မိုးဟိန်းနဂါး၏ ဘယ်ချိုင်းကြားဆီသို့ ဓားကွက်ချက် ထိုးနှက်ရန် ထိရောက်သော အကွာ

အဝေးလည်း ဖြစ်သည် ။

သည် နေရာထက် နောက်သို့ အနည်းငယ်ရောက်နေလျှင် သူ၏ ဓား ကွက်ချက်သည် အရာရောက်နိုင်မည် မဟုတ်။

မိုးဟိန်းနဂါး၏ နှစ်ဖက်သွား ပုဆိန်ချက်ကို သီသီလေး ကပ်ကာ လွ တ်အောင် ရှောင်နိုင်ပြီး တန်ပြန်ဓားကွက်ချက် ထိထိ ရောက်ရောက် ထိုးနှက်ရန် အလှမ်းမိသည့် အကွာအဝေးတွင် လည်း ရှိရလေအောင် အ ချိန်အဆ တိကျမှန်ကန်စွာ နေရာယူ ကိုယ်ဟန် လှုပ်ရှားနိုင်သောကြော င့် တတိယ ပရဝဏ်ထဲသို့ ဝင်မိသည် နှင့် အောင်ပွဲ အရယူလိုက်နိုင်သည် ။

"ကောင်းတယ် အစ်ကိုကြီး သိပ်ကောင်းတယ်၊ ဝိဟာရထဲဝင်ပြီး မာ န်စွယ်နဂါးကို နှိမ်နင်း ချေမှုန်းပါတော့"

မိန်းမပျိုတစ်ယောက် အားတက်သရော အော်ဟစ်အားပေးသံကို သူ ကြားရသည် ။

အားပေးသံရှင်မိန်းမပျိုသည် မည်သူမည်ဝါဟု အတတ်သိသောကြောင့် သူ့မျက်နှာတွင် ပြုံးရောင်တစ်ချက်သမ်းသည် ။

နဂါးမျက်ရှင်ဝိဟာရ၏ ပထမပရဝဏ်တွင် "တံတိုင်းနဂါး"၊ ဒုတိယ ပရဝဏ်တွင် "သံကွန်ချာနဂါး"နှင့် ယခု တတိယပရဝဏ်တွင် "မိုးဟိန်း နဂါး" တို့ ကို အနိုင်ယူချေမှုန်းကာ အတားအဆီး အန္တရာယ်သုံးရပ်ကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပြီးနောက် သူ့အနေဖြင့် ဝိဟာရထဲထိ ဝင် ရောက်ကာ "မာန်စွယ်နဂါး"ကို အပြီးသတ် ယှဉ်ပြိုင်မှုအဖြစ် ရင်ဆိုင်ရ န်သာ ရှိပေတော့သည် ။

သူ အတော်တော့ ပင်ပန်း နွမ်းနယ်နေသည် ။

အရပ်အနားမရှိ သုံးယောက်ကို ဆက်တိုက်ဆိုသလို ယှဉ်ပြိုင်လာခဲ့ရသည့်အတွက် အားအင် အတော် ကုန်ခန်းသွားခဲ့ရသည် ။

မိမိအနေဖြင့် အနားယူအားမွေးရန် လိုအပ်ကြောင်း သူ နားလည် သိရှိပါသည် ။

သို့ရာတွင် ...

နဂါးမျက်ရှင်ဝိဟာရ၏ တိုက်ပွဲစည်းကမ်း သတ်မှတ်ချက်အရ ပရဝဏ်သုံးထပ်ရှိ သိုင်းသမားကြီး သုံးယောက်ကို ဆက်တိုက် ရင်ဆိုင်ကျော်ဖြတ်ပြီးသည် နှင့် အနားယူခြင်း မပြုလုပ်ရဘဲ ဝိဟာရထဲရှိ မာန်စွယ်နဂါးနှင့် ရင်ဆိုင်ရန် ဆက်လက်တိုးဝင်ရမည်မို့ သူ့အနေဖြင့် အချိန်ယူကာ နားနေ၍ မဖြစ်နိုင်ပါ။

မာန်စွယ်နဂါးရှိနေမည့် ဝိဟာရ အဆောက်အအုံထဲသို့ ဆက်လက်၍ တိုးဝင်ရဖို့ သာရှိသည် ။

မိုးဟိန်းနဂါးက သူ့ကို တတိယပရဝဏ်ထဲသို့ ဝင်လျှင်ဝင်ချင်း ဆီးကြိုတိုက်ခိုက်ကာ သူက ကြိုတင်စီစဉ်ထားသည့် တိုက်နည်းဗျူဟာကို လျင်မြန်စွာ ထုတ်သုံးကာ အနိုင်ယူ ချေမှုန်းနိုင်ခဲ့ခြင်းက သူ့အတွက် အခွင့်အရေးကောင်း ရစေသည် ။

တတိယပရဝဏ်ကို ကျော်ဖြတ်ပြီးသည် နှင့် နဂါးမျက်ရှင် ဝိဟာရပင်မ အဆောက်အအုံ အဝန်းအဝိုင်းထဲသို့ ရောက်သည် ။

သူ အရင်ဆုံးတွေ့ ရသည် က ကျုံးတစ်ခု၏ ရေပြင်ဖြစ်သည် ။

ထိုကျုံးရေပြင်ကျယ်တွင် ခြေတစ်လှမ်းစာ အကွာအလှမ်းရှိသော တိုင်ငုတ်များ ရှိနေသည် ။

တိုင်ငုတ်များ သည် ခြေဖဝါးတစ်ခု ချနင်းရုံသာ မျက်နှာပြင် ကျယ်ဝ

န်းသည် ။

ကိုယ်ဖော့ပညာ အတော်အသင့် တတ်မြောက်လျှင် ထိုတိုင်ငုတ်များ ပေါ်တွင် ခြေကျလျှောက်လှမ်းလျက် ကျုံးရေပြင်ကို ကျော်ဖြတ်သွားနိုင်သည့် အခြေအနေရှိနေပေသည် ။

သူသည် အသက်(၂၀)နှစ်အရွယ် ရှိလျက် သိုင်းလောက အတွေ့အကြုံကတော့ အသက်အရွယ်နှင့်စာလျှင် များ စွာကြွယ်ဝသည် ။ ထို့ပြင် ပင်ကိုဉာဏ်ရည် ထက်မြက်ကာ စဉ်းစားဆင်ခြင်နိုင် စွမ်းကောင်းမွန်သည် ။

ကျုံးရေပြင် ပြုလုပ်ထားလျက် သာမန် ကိုယ်ဖော့ပညာသုံးကာ နင်းလျှောက် ပြတ်ကျော်နိုင်မည့် တိုင်ငုတ်များ ကျုံးထဲတွင် စိုက်ထားသည့် အခြေအနေကို သူက သိပ်ဘဝင်မကျ။

ပရိယာယ်ဆင်ကွက်တစ်ခုခု ကေန်ရှိရမည်ဟု သူ့စိတ်ထဲမှာ တွေးတောမိသည် ။

ကျုံး၏ အနေအထားကို လျင်မြန်စွာ အကဲခတ်လေ့လာသည် ။

သည် ဘက်ကမ်းမှ ဟိုဘက်ကမ်းအထိ ပေ (၂၀)ခန့်ကွာ လှမ်းသည် ။ သူ၏ လက်တွေ့ အတွေ့အကြုံတွင် လပြည့်တံခွန် ကိုယ်ဖော့ပညာသုံးကာ အဝေးဆုံး ခုန်လွှားကျော်ဖြတ်ခဲ့သည် မှာ (၁၇)ပေကျော် အကွာအဝေးအထိသာ ဖြစ်ခဲ့သည် ။

သူ့အနေဖြင့် ပိုင်ပိုင်နိုင်နိုင် ခုန်လွှားကျော်ဖြတ်နိုင်ပြီးခဲ့သည့် အဝေးဆုံး အကွာအဝေးထက် နှစ်ပေ မရှိတရှိလောက် ပိုဝေးနေသည် ။

မိမိကိုယ်မိမိ ယုံကြည်စိတ် အပြည့်ထားကာ ရှိသမျှအင်အား စွမ်းရည်တို့ ကို အကုန်အစင် ထုတ်သုံးလျက် စွန့်စားလုပ်ဆောင် ရပေတော့မ

ည်။

စိတ်ပိုင်းဖြတ်လိုက်ပြီးပြီမို့ အန္တရာယ်ကို တွေးပူမနေတော့။ ကျုံးရေပြင်ကျယ်ကို အောင်မြင်စွာ ခုန်လွှား ကျော်ဖြတ်နိုင်ရမည်ဟု စိတ်ကို ဒုန်းဒုန်းချလိုက်သည် ။

***

အတွင်းအားကို စုစည်းသည် ။ စိတ်အာရုံကို အပြည့် တည်ငြိမ်နေစေသည် ။ ကျုံးတစ်ဖက်ကမ်းသို့ အရောက် ခုန်လွှားဖြတ်ကျော်ရန် ဆိုသည် ကလွဲ၍ အခြား ဘာကိုမျှမသိတော့။

လတ်ဆတ် အေးမြသောလေကို အဆုတ်ထဲတွင် ပြည့်သွားအောင် အားရပါးရ ရှုသွင်းသည် ။ ထို့နောက် ...

လပြည့်တံခွန်ကိုယ်ဖော့ပညာကို အဆင့်ကုန်ထုတ်သုံးကာ ကျုံး၏ တစ်ဖက်ကမ်းဆီသို့ ခုန်လွှားဖြတ်ကူးသည် ။

ကျုံးရေပြင်ထက်ရှိ လေထဲတွင် သူ၏ ကိုယ်ခန္ဓာသည် လေပြင်းတွင် ဝေ့ဝဲပါသွားသော တံခွန်လေးတစ်ခုလို ပေါ့ပါး လျင်မြန်စွာ ရွေ့လျားသွားသည် ။

အောင်မြင်ပြီ။

ကျုံးရေပြင်ကို အောင်မြင်စွာ ခုန်လွှား ဖြတ်ကျော်နိုင်ခဲ့ပြီ။

ဂဠုန်လက်သည်း တောင်ကုန်းပေါ်ရှိ လူများ ၏ အော်ဟစ်အားပေးသံ ခပ်သဲ့သဲ့ကို သူ ကြားရသည် ။

သူ့ရှေ့ခြေလှမ်း ဆယ်လှမ်းခန့် အကွာတွင် နဂါးမျက်ရှင်ဝိဟာရ ပင်မအဆောက်အအုံ၏ တစ်ခုတည်းသော တံခါးပေါက်သို့ တက်လှမ်းသွားနိုင်သည့် လှေကားထစ်များ ရှိနေသည် ။

ပြတင်းပေါက်လည်း မရှိ။ တစ်ခုတည်းသော တံခါးကလွဲ၍ လေးဖက်လေးတန် အုတ်နံရံ အလုံပိတ်ဖြစ်သည် ။

လှေကားထစ် (၁၂)ထစ်ရှိသော အုတ်လှေကား၏ ထိပ်မှ လှေကားခုံကတော့ အုတ်တိုက်ငယ်နှင့် နှိုင်းစာလျှင် အတော်ရှည်လျားသည် ဟု ဆိုရမည်။ အုတ်တိုက်ငယ်သို့သွားရာ စကြံလမ်းတစ်ခုနှင့်ပင် ပိုတူနေသည် ။

သူက ဓားရှည်ကို ဓားအိမ်ထဲ ပြန်သွင်းပြီး အုတ်လှေကားထစ်များအတိုင်း ခပ်မှန်မှန် ခပ်ဖြည်းဖြည်းနှင့် တက်လာခဲ့သည် ။

"မျက်ရှင်သိုင်းကျမ်းကို အရလာယူတာ မဟုတ်လား"

အုတ်တိုက်ငယ်ဆီမှ စကားသံပေါ်လာသည် ။

အတွင်းအားကောင်းသူ ဖြစ်တာကတော့ သေချာသည် ။

"အဲဒီလိုပြောလို့ တော့ ရပါတယ်။ ဒါပေမဲ့ တခြား ရည်ရွယ်ချက်လည်း ရှိပါသေးတယ်။ သိုင်းကျမ်းရဖို့ သက်သက် မဟုတ်ပါဘူး"

"ပရဝဏ်သုံးထပ်က နဂါးသုံးဖော်ကို တိုက်ခိုက် သတ်ဖြတ်ခဲ့ပြီဆိုတော့ ကျုပ် မာန်စွယ်နဂါးကို အနိုင်ယူ အသေသတ်ပြီးရင် မျက်ရှင်သိုင်းကျမ်းကို ရနိုင်ပါပြီ"

"အထင်လွဲနေပြီ ထင်တယ်။ ပရဝဏ်သုံးထပ်က နဂါးသုံးဖော်ကို ကျွန်တော် အသေမသတ်ခဲ့ဘူး"

"နဂါးသုံးဖော် အသက်ရှင်နေသေးတယ်လို့ ဆိုလိုတာလား"

"မမှားဘူး"

"တံတိုင်းနဂါး၊ သံကွန်ချာနဂါးနဲ့ မိုးဟိန်းနဂါးတို့ မှာ သူတို့ တာဝန်ယူစောင့်ကြပ်ရတဲ့ ပရဝဏ်ကို ဘယ်သူမှ ဖြတ်ကျော်နိုင်အောင် အသက်စွန့် ကာကွယ်ရမယ့် တာဝန်တွေ ရှိကြတယ်။ သူတို့ အသက်ရှင်နေရက်နဲ့ မောင်ရင်လေးက ဘယ်လိုလုပ်ပြီး ပရဝဏ်သုံးထပ်ကို ဖြတ်ကျော်လာနိုင်တာလဲ"

"သူတို့ လေးနာရီလောက် မလှုပ်ရှားနိုင်ဘဲ ငြိမ်သက်နေအောင်ပဲ လုပ်ထားခဲ့တာပါ"

တိုက်အိမ်လေးထဲမှ စကားသံ ချက်ချင်း ပေါ်မလာ။ ခေတ္တမျှ တိတ်ဆိတ်နေသည် ။ သူကလည်း အသာငြိမ်၍ စောင့်နေသည် ။

"ဩော် ... အကြောပိတ်ပစ်ခဲ့တာကိုး"

ခဏမျှ တိတ်ဆိတ်နေပြီး တိုက်အိမ်လေးထဲမှ စကားသံ ပေါ်လာသည် ။

"ဟုတ်ပါတယ်"

"ပရဝဏ်စောင့် နဂါးသုံးဖော်လို သိုင်းသမားမျိုးတွေကို အကြောပိတ်တာက အသေသတ်တာထက် ပိုခက်ပြီး အန္တရာယ်များ တယ်။ ဘာကြောင့် အန္တရာယ်ပိုများ တဲ့ လမ်းကို ရွေးရတာလဲ"

"ကျွန်တော်က သူ့အသက်ကို အများကြီး တန်ဖိုးထားပါတယ်၊ ရမ်းကား သောင်းကျန်းလှတဲ့ သိုင်းသမားဆိုးကြီးတွေကိုတောင် ကျွန်တော် အသေမသတ်ခဲ့ဘူး။ ပရဝဏ်စောင့်နဂါးသုံးဖော်လို တာဝန်ကျေပွန်တဲ့ လမ်းမှန်သိုင်းသမားတွေကို ဘာကြောင့် အသက်အန္တရာယ်ပြုရမှာ လဲ"

အတန်ကြာ တိတ်ဆိတ်သွားပြီးမှ အုတ်တိုက်လေးထဲမှ မာန်စွယ်နဂါးစကားသံ ပေါ်လာပြန်သည်။

"အသက်ငယ်ရွယ်ပေမယ့် သိုင်းပညာအစွမ်းမြင့် ထက်မြက်တယ်။ သိုင်းပညာစွမ်းသလို စိတ်နေစိတ်ထား ရင့်ကျက်ပြည့်ဝတယ်။ ဆင်ခြင်ဉာဏ် ရင့်သန်တယ်။ မျက်ရှင်သိုင်းကျမ်းနဲ့ လိုက်ဖက်သင့်လျော်တဲ့ အရည်အချင်း အပြည့်ရှိတယ်။ မျက်ရှင်သိုင်းကျမ်းကို ရယူဖို့ ဖြစ်ပေမယ့် ကျွန်တော်ကိုယ်တိုင် ဌားရမ်း လေ့လာ လေ့ကျင့် သင်ယူချင်လို့ မဟုတ်ပါဘူး"

"ဒါဆိုရင် ဘာအတွက်ကြောင့်လဲ"

"မျက်ရှင်ဂေဟာနဲ့ သူရိယစံအိမ်တို့ အကြား နှစ်ပေါင်းများ စွာ သားစဥ်မြေးဆက် ဖြစ်ပေါ်နေခဲ့တဲ့ အငြိုးအတေးတွေနဲ့ ရန်မီးတွေ ပြေငြိမ်းအေး သွားစေဖို့ အတွက်ပါ"

"ဘာ ... ဘာ ဘာပြောတယ်"

တိုက်အိမ်လေးထဲမှ ပေါ်ထွက်လာသော မျက်ရှင်နဂါး၏ စကားသံတွင် အံ့သြ စိတ်လှုပ်ရှားမှု အငွေ့အသက်များ သိသာစွာ ပေါ်လွင်နေသည်။

"မျက်ရှင်ဂေဟာနဲ့ သူရိယစံအိမ်တို့ ပြေလည် အေးငြိမ်းပြီး ရင်းနှီး ချစ်ခင်သွားစေဖို့ ပါ"

သူက ထပ်ပြောလိုက်သည်။

"အိမ်ထဲကို ဝင်လာခဲ့ပါလားရှင်"

စကားသံတစ်မျိုး ပြောင်းသွားသည် ကို သတိပြုမိသည့်အတွက် ပင်မအဆောက်အအုံ တိုက်အိမ်ဘက်ရှိရာသို့ လှေကားခံစကြံလမ်းအတိုင်း

လျှောက်လှမ်းသွားသည် ။

***

တိုက်အိမ်ငယ်၏ တစ်ခုတည်းသော တံခါးပေါက်သို့ရောက်ရန် ခြေလှမ်း သုံးလှမ်းမျှအလိုတွင် တိုက်အိမ်ငယ်ထဲတွင် အလင်းရောင်များ ပေါ်လာသည် ။ မီးအိမ် မီးခွက်တစ်ခုခုကို ထွန်းညှိလိုက်ပုံရ၏။

လင်းလင်းချင်းချင်း ရှိနေပြီမို့ အားလုံး ထင်ထင်ရှားရှား မြင်နိုင်တွေ့နိုင်သည် ။

တိုက်အိမ်ငယ် အခန်းကျယ်အတွင်းရှိ ပရိဘောဂများ နှင့် အခင်းအကျင်းတို့ မှာ ရှေးဟောင်းပစ္စည်းတွေ ဖြစ်သည် ။ ရှေးဟောင်း ခန်းဆောင်တစ်ခုထဲသို့ ရောက်ရှိသွားသလို ခံစားရသည် ။

ရှေးဟောင်းထိုင်ခုံမြင့်တစ်ခုပေါ်တွင် ကျကျနနထိုင်နေသော လူတစ်ယောက်ဖြစ်သည် ။ တိတိကျကျဆိုရလျှင် ငယ်ရွယ်နုပျိုပြီး ချောမောလှပသော မိန်းမပျိုတစ်ယောက် ဖြစ်သည် ။

ရှေးဟောင်းအခန်းကြီးထဲတွင် ယနေ့ခေတ် အဝတ်အစား အသွင်အပြင် ဆင်ယင်ထားသော မိန်းမပျိုလေးသည် ပို၍ ဝင့်ကြွားနေသည် ။

မိန်းမပျို၏ အလှအပ အတင့်အတယ်တို့ ပို၍ ထင်ရှားပေါ် လွင်နေသည် ။

နဂါးမျက်ရှင်ဝိဟာရ ပင်မအဆောက်အအုံထဲရှိ မာန်စွယ်နဂါးကို ယှ

ဉ်ပြိုင်အနိုင်ယူပြီး မျက်ရှင်သိုင်းကျမ်းကို အရယူရမည်ဟု သူ သိထားခဲ့သည် ။

ကြားခဲ့ရသည့် မာန်စွယ်နဂါး၏ စကားသံများကလည်း အားပြည့်ခက်ထန်ပေရာ မိန်းမပျိုလေးတစ်ယောက် ဖြစ်လိမ့်မည်ဟု မထင်ခဲ့ပါ။

"မာန်စွယ်နဂါး ဆိုတာလား"

သေချာအောင်တော့ မေးလိုက်မိသည် ။

"ဟုတ်ပါတယ်။ ဘာလဲ မာန်စွယ်နဂါးဆိုတာ သိုင်းသမားကြမ်းကြီး တစ်ယောက်လို့ ထင်ထားတာလား"

"ရှင့်ရဲ့ ဖြောင့်မတ်တည်ကြည်တဲ့ စိတ်ရင်းအမှန်နဲ့ သူတစ်ပါးအကျိုးကို ဆောင်ရွက်ချင်တဲ့ စေတနာကောင်းကို သဘောကျလို့ ကျွန်မရဲ့ မူလရုပ်သွင်နဲ့ အတွေ့ခံတာပါ။ ပြောရမယ်ဆိုရင် ရှင်ဟာ ကျွန်မရဲ့ မူလရုပ်သွင်ကို မြင်ခွင့်ရတဲ့ တစ်ဦးတည်းသော လူပဲ။ ပရဝဏ်စောင့် နဂါးသုံးဖော်တို့ တောင် ကျွန်မရဲ့ ပင်ကိုရုပ်ရည်ကို မမြင်ဖူးကြဘူး"

"ဒီလို အခွင့်အရေးရတဲ့ အတွက် အများကြီး ဂုဏ်ယူကျေးဇူး တင်ပါတယ်။ ဒီအကြောင်းကိုလည်း ဘယ်သူမှ မသိစေရပါဘူး။ စောင့်စည်းထိန်းသိမ်းပေးပါ့မယ်"

"ရှင်က သူရိယစံအိမ်အတွက် ကိုယ်စားပြု ရောက်လာတာလား"

"အဲဒီလို မဟုတ်ပါဘူး"

"ဒါဆို မျက်ရှင်ဂေဟာနဲ့ သူရိယစံအိမ်တို့ အကြားက ရန်လိုမှုတွေ ငြိမ်းအေးအောင် လုပ်ဆောင်မယ်လို့ ဘာကြောင့် ပြောခဲ့ရတာလဲ"

"မျက်ရှင်ဂေဟာနဲ့ သူရိယစံအိမ်တို့ အကြား ဖြစ်ခဲ့တဲ့

အတိတ်သမိုင်းအကြောင်းကိုတော့ ကျွန်တော် များများ စားစား မသိလှပါဘူး။ မျက်ရှင်ဂေဟာရဲ့ လက်ထဲမှာ မျက်ရှင်သိုင်းကျမ်းရှိပြီး သူရိယစံအိမ်မှာ တော့ သူရိန်ဓာတ်ပြာရှိတယ်ဆိုတဲ့ အကြောင်းရယ် သူရိန်ဓာတ်ပြာကို စားသုံးပြီး လေ့ကျင့်မှ မျက်ရှင်သိုင်းကျမ်းကို အဆင့်ငါးဆင့် ကုန်စင်အောင် တတ်မြောက်မယ် ဆိုတာရယ်လောက်ကိုပဲ ကြားဖူးသိဖူးတာပါ"

သူက စကားတစ်ချက် ဆိုင်းလိုက်သည်။

"ရှင် ပြောစရာရှိတာ ဆက်ပြောပါ"

မိန်းမပျိုက စကားထောက်ပေးရာ သူကလည်း ဆက်ပြောသည်။

"မျက်ရှင်ဂေဟာနဲ့ သူရိန်စံအိမ်တို့ ဆွေစဉ်မျိုးဆက် ရန်လို တိုက်ခိုက်လာကြပြီး လွန်ခဲ့တဲ့ သုံးနှစ်ကမှ ဂဠုန်လက်သည်းတောင် ကုန်းကို နယ်ခြားအဖြစ် သတ်မှတ်ပြီး သူ့ပိုင်နက် ကိုယ့်ပိုင်နက် သတ်မှတ်ကြတယ်။ နယ်မကျူးရင် မတိုက်မခိုက်ပဲ နေခဲ့ကြတယ် ဆိုတဲ့ ကျေငြိမ်းမှုက နေပြီး အမြဲတမ်း အေးချမ်းမှု ရယူနိုင်စရာ အခြေအနေတွေရှိနိုင်လို့ ကျွန်တော်က စွမ်းဆောင်ပေးဖို့ ရောက်လာတာပါ"

"ကျွန်မတို့ ရဲ့ သူရိယစံအိမ်တို့ အကြား အမြဲတမ်း အေးချမ်းမှု ရသွားရင် ရှင့်အတွက် ဘယ်လို အကျိုးအမြတ်ရနိုင်လို့ လဲ"

"ကျွန်တော့်အတွက် အကျိုးအမြတ် ဆိုတာထက် သိုင်းလောကအတွက် အထူးသဖြင့် လုံဆန်းတောင်ကြားမှာ ရှိနေကြတဲ့ လူတွေအတွက် အကျိုးအမြတ်ရရှိဖို့ ပါ။ မျက်ရှင်ဂေဟာနဲ့ သူရိယစံအိမ်တို့ ဟာ လုံဆန်းတောင်ကြားရဲ့ သိုင်းပညာ အစွမ်းအထက်ဆုံးနဲ့ အရေးအပါဆုံး မိသားစုနှစ်စု ဖြစ်ပါတယ်။ ဒီမိသားစုနှစ်စုအကြား နှစ်ပေါင်းများ စွာ ရန်မီးပွား တိုက်ခိုက်လာကြလို့ လုံဆန်းတောင်ကြားမှာ သွေးချောင်းစီးခဲ့ရတယ်။

လူအများ ဘေးဒုက္ခကြုံခဲ့ရတယ်။ ဒီအဖြစ်တွေ ပပျောက်သွားရင် ဒီတောင်ကြားက လူတွေလည်း အများကြီး ကောင်းကျိုး ရှိလာမယ်လေ"

"ရှင်က ဘယ်အရပ်သားလဲ"

"တောင်ပိုင်းဒေသ တာ့လီနယ်ကပါ"

"အို ... အဝေးကြီးပါလား။ ဘယ်လိုဖြစ်ပြီး မြောက်ပိုင်းဒေသကို ရောက်လာတာလဲ"

"အင်း ... သိုင်းလောကမှာ လေလွင့်ရင်း ဒေသန္တရဇဟု သုတ လိုက်ရှာမှီးလေ့လာနေတယ် ဆိုပါတော့"

"ခရီးလှည့်လည်သွားလာရင်း အခုလို ရန်မီးကျေငြိမ်း ကျေအေးရေး အလုပ်တွေကိုလည်း လုပ်ပေးနေတယ် မဟုတ်လား"

"အကြောင်းတိုက်ဆိုင် ကြုံကြိုက်ပြီး ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေရှိတယ်ဆိုရင် တတ်နိုင်သလောက် ပါဝင်ဆောင်ရွက်ပေးလိုက်ရုံပါပဲ"

"အင်း ... ရှင်က ငြိမ်းအေးစေတမန် သိုင်းလုလင်ပေါ့"

"အဲဒီလိုမျိုးတော့ မခံယူဝံ့ပါဘူး"

"သူရိယစံအိမ်မှာ ရှင်နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ လူ ရှိသလား"

"ရင်းနှီးကျွမ်းဝင်တယ်လို့ တော့ မဟုတ်ပါဘူး၊ သိကျွမ်းတဲ့ မိတ်ဆွေမလေး တစ်ယောက်တော့ ရှိပါတယ်"

"နေခြည်သူဇာ တန်ဝမ်းဝမ်းများ လား"

"ဟုတ်ပါတယ်"

"သူရိယစံအိမ်အနေနဲ့ ဘယ်လို လိုက်လျောမှုတွေ လုပ်ပေးမှာ လဲ။

မာန်စွယ်နဂါးက မေးသည်။

"ကျွန်တော်က သူရိယစံအိမ်ရဲ့ ကိုယ်စားလှယ်မဟုတ်လို့ အဲဒီမေးခွန်းကို တိတိကျကျ မဖြေနိုင်ပါဘူး။ ဒါပေမဲ့ သူတို့ ဘက်ကလည်း စိတ်ကောင်း စေတနာကောင်းထားပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့် ဆောင်ရွက်မှုမျိုးတွေ လုပ်ဆောင်ပေးလိမ့်မယ်လို့ တော့ မျှော်လင့်ပါတယ်။ အဲဒီလိုဖြစ်လာအောင် ကျွန်တော်ကလည်း အတတ်နိုင်ဆုံး ပြောဆို ဆောင်ရွက်ပေးပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

သူက ထွက်ခွာတော့မည်ပြုပြီးမှ အသာနောက်သို့ ခေါင်းငံ့လျက်

"သြော် ... တစ်ခု တောင်းဆိုပါရစေ"

"ရှင် ပြောကြည့်ပါ"

"မာန်စွယ်နဂါးရဲ့ နာမည်အရင်းအမှန်ကို သိခွင့်ရှိမယ်ဆိုရင် သိချင်ပါတယ်"

မိန်းမပျိုက တစ်ချက် ပြုံးလိုက်ပြီး ...

"ကျွန်မကို သိုင်းလောကမှာ မာန်စွယ်နဂါးလို့ ပဲ သိကြတယ်။ ကျွန်မရဲ့ ပင်ကိုရုပ်ရည်ကို မမြင်ဖူးကြသလို၊ ကျွန်မရဲ့ နာမည်အရင်းကိုလည်း မသိကြပါဘူး။ ဒါပေမဲ့ ရှင့်တစ်ယောက်ကိုတော့ အထူးအခွင့်အရေးပေးတဲ့ အနေနဲ့ ပြောပြမယ်။ ကျွန်မနာမည် ဟု န်းမေယန်"

***

နဂါးမျက်ရှင်ဝိဟာရထဲမှ သူ ပြန်ထွက်လာခဲ့သည် ။

ပြန်ထွက်အလာတွင် တတိယပရဝဏ်ထဲရှိ မိုးဟိန်းနဂါး၊ ဒုတိယပရဝဏ်၏ သံကွန်ချာနဂါးနှင့် ပထမပရဝဏ်တာဝန်ခံ အစောင့် တံတိုင်းနဂါးတို့ ၏ အပိတ်ခံထားရသော အကြောများကို ဖြေဖွင့်ပေးခဲ့သည် ။

နဂါးမျက်ရှင်ဝိဟာရမှ ထွက်၍ ဂဠုန်လက်သည်းက တောင်ကုန်းပေါ်သို့ တက်အလာတွင် သူရိယစံအိမ် မိသားစုသိုင်းသမားတစ်စုက ပြေးဆင်းကြိုဆိုလာသည် ။

"ဘယ်လိုလဲ၊ မာန်စွယ်နဂါးကို တိုက်ခိုက်ချေမှုန်းပြီး မျက်ရှင်သိုင်းကျမ်း အရယူနိုင်ခဲ့ပြီလား"

တောင်ကုန်း အလယ်လောက်တွင် ဆုံမိကြရာ တန်ဝမ်းဝမ်းက အလောတကြီး မေး၏။

"ရင်ဆိုင် တိုက်ကြခိုက်ကြဖို့ မလိုတော့ပါဘူး"

သူက ခပ်အေးအေးပင် ပြန်ဖြေလိုက်သည် ။

"အဲဒါက ဘယ်လိုသဘောလဲ၊ ဘာကို ဆိုလိုတာလဲ"

"မျက်ရှင်သိုင်းကျမ်းကို ငှားရမ်းဖတ်ရှုလေ့လာဖို့ မာန်စွယ်နဂါးက သဘောတူ ခွင့်ပြုလိုက်တယ်လေ"

"မာန်စွယ်နဂါးက ဘာပြောသလဲ။ သဘောတူလား။ ငြင်းပယ်သလား"

"ဘာလဲ ... အပြန်အလှန် အပေးအယူတွေ ရှိနေလို့ လား"

"အဲဒီလိုသဘော မဟုတ်ပေမယ့် အဲဒီလို ပြောလို့ တော့လည်း ရနိုင်ပါတယ်"

"ဘာအပေးအယူတွေလဲ"

"ကျွန်တော့်ကို စံအိမ်ရှင်ကြီး ရှေ့မှောက် ပို့ဆောင်ပေးပါ။ စံအိမ်ရှင်ကြီးကိုယ်တိုင် စဉ်းစား ဆုံးဖြတ်ပေးဖို့ လိုပါတယ်"

"ရှင်က ကျွန်မကိုတောင် အသိမပေးနိုင်ဘူးလား"

"အသိပေးလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အစဉ်အလာ စည်းကမ်းအရ စံအိမ်ရှင်ကြီးကို အရင်ဆုံး ပြောပြသင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်လေ"

***

သူရိယစံအိမ်ရှင်ကြီး သူရိန်လက်ဝါး တန်ကြည်ချွမ်း ရှေ့မှောက်သို့ သူ ရောက်ရှိသွားသည် ။

သူ့အပါးတွင် နေခြည်သူဇာတန်ဝမ်းဝမ်း ပါရှိ လာပြီး စံအိမ်ရှင်ကြီးနှင့်အတူ သူရိယစံအိမ် သက်ရှည်အကြီးအကဲ (၃)ယောက်တို့ လည်း အတူရှိနေကြသည် ။

"သူက ပရဝဏ်သုံးထပ်ကို ဖြတ်ကျော်ပြီး နဂါးမျက်ရှင်ဝိဟာရရဲ့ ပင်မအဆောက်အအုံထဲ ဝင်ရောက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ မာန်စွယ်နဂါးနဲ့ မတိုက်ခိုက်သလို မျက်ရှင်သိုင်းကျမ်းကိုလည်း ယူမလာခဲ့ဘူး။ မာန်စွယ်နဂါးဆီက အပေးအယူ ကမ်းလှမ်းချက်ပဲ ရယူ လာပြီး အဘိုးလေးထံ ကိုယ်တိုင်တင်ပြ ပြောဆိုချင်တယ်လို့ ဆိုပါတယ်"

နေခြည်သူဇာတန်ဝမ်းဝမ်းက ပဏာမစကား ပြောလိုက်သည် ။

တန်ဝမ်းဝမ်းသည် သက်ရှည်အကြီးအကဲ(၁)၏ သမီးကြီးမှ မွေးသော မြေးဖြစ်သည် ။

ယခုလက်ရှိ သူရိယစံအိမ်ရှင် တန်ကြည်ချွမ်းသည် သက်ရှည် အကြီးအကဲ(၁)၏ မောင်ငယ်ဖြစ်ရာ တန်ဝမ်းဝမ်း၏ အဘိုးလေး တော်စပ်သည် ။

"ပရဝဏ်စောင့် နဂါးသုံးဖော် သေဆုံးသွားကြပြီဆိုတော့ မာန်စွယ်နဂါးမှာ အားထားလောက်တဲ့ လက်ရုံးသိုင်းသမား မရှိတော့တာကြောင့် အပေးအယူစကားတွေ ဘာတွေ ပြောလာတာဖြစ်မယ်။ ငါတို့ ဘက်ကဘာစောင့်ဆိုင်းနေစရာ ရှိတော့လို့ လဲ။ နဂါးမျက်ရှင်ဝိဟာရထဲဝင် မာန်စွယ်နဂါးကို သုတ်သင်ပြီး မျက်ရှင်သိုင်းကျမ်းကို ယူလိုက်ကြရုံပဲပေါ့"

သက်ရှည်အကြီးအကဲ(၂) အဘိုးအိုက ဝင်ပြောသည် ။

"ဂဠုန်လက်သည်း တောင်ကုန်းက ကျော်လွန်ပြီး နဂါးမျက်ရှင်ဝိဟာရရဲ့ နယ်ပယ်ထဲကို သူရိယစံအိမ်ကလူတွေ မသွားရဘူးလို့ သတ်မှတ်ထိန်းသိမ်းထားချက် ရှိနေတယ်လေ။ ဒီလိုလုပ်လို့ မသင့်လျော်ပါဘူး"

သူရိန်လက်ဝါး တန်ကြည်ချွမ်းက ပြောသည် ။

"ငါတို့ ဘိုးဘွားစဉ်ဆက် အရယူဖို့ ကြိုးပမ်းလာခဲ့တဲ့ မျက်ရှင်သိုင်းကျမ်းကို ရနိုင်ဖို့ အခွင့်အလမ်း ပေါ်နေတာမို့ သတ်မှတ် ထိန်းသိမ်းခဲ့တဲ့ ကိစ္စတွေကို အသာဘေးဖယ်ထားသင့် ထားရ မယ်လေ"

သက်ရှည်အကြီးအကဲ(၂) အဘိုးအိုက မလျှော့ချင်သေး။

"နဂါးမျက်ရှင်ဝိဟာရရဲ့ လက်ရုံးသိုင်းသမားကြီး သုံးယောက် သေဆုံးသွားလို့ အင်အား ယုတ်လျော့သွားတာကို အခွင့်ကောင်းယူ အသုံးချနိုင်ဖို့ ကိုယ်သတ်မှတ် ထိန်းသိမ်းနေတဲ့ စည်း ကမ်းကို ချိုးဖောက်မယ်ဆို

ရင် သူရိယစံအိမ်ရဲ့ ဟန်ဟိတ်နဲ့ သိက္ခာ ထိခိုက်မှာ ပေါ့"

သက်ရှည်အကြီးအကဲ(၁) အဘွားအိုက ဝင်ပြောရာ သက်ရှည်အကြီးအကဲ(၂) အဘိုးအို နှုတ်ဆိတ်သွားသည် ။ စောဒကမတက်တော့။

"လူကြီးသူမတွေ ပြောဆိုနေတဲ့ အကြား ဝင်စွက်ဖက်တာတော့ မဟုတ်ပါဘူး။ ကျွန်တော့်ကို တစ်ခုအစီရင်ခံ တင်ပြခွင့်ပေးပါ"

သူက ဦးညွတ်ဂါရဝပြုပြီး ပြောသည် ။

"ပြောစရာရှိတာ ပြောပါ"

စံအိမ်ရှင်ကြီးက ခွင့်ပြုချက်ပေးသည် ။

"ပရဝဏ်စောင့် နဂါးသိုင်းသမားကြီးသုံးယောက် အသက် မသေဆုံးပါဘူး။ ဒဏ်ရာတောင် မရကြပါဘူး"

" သူ့စကားကို ကြားလိုက်ရသည် တွင် ခေတ္တတိတ်ဆိတ် သွားကြသည် ။

***

"တံတိုင်းနဂါး၊ သံကွန်ချာနဂါးနဲ့ မိုးဟိန်းနဂါး သုံးယောက်လုံး အသက်လည်း မသေ ထိခိုက်ဒဏ်ရာလည်း မရကြဘူး၊ ဟုတ်လား"

ခေတ္တ တိတ်ဆိတ် ငြိမ်သက်နေပြီးနောက် တန်ကြည်ချွမ်းက မယုံနိုင်သလို ပြောသည် ။

"ဟုတ်ပါတယ်"

"ကဲ ကဲ တစ်ယောက်တစ်ပေါက် လျှောက်မေးမနေကြနဲ့ တော့၊ ဘယ်လိုဖြစ်ပျက်ခဲ့တယ် ဆိုတာကိုသာ သေသေချာချာ နားထောင်ကြည့်ကြတာပေါ့"

သက်ရှည်အကြီးအကဲ(၁) အဘွားအိုက ဝင်ထိန်းတော့မှ ပင် ဟိုမေးသည် မေး လုပ်နေသမှုများ ရပ်တန့်ကုန်သည် ။

နဂါးမျက်ရှင်ဝိဟာရ၏ ပရဝဏ်သုံးထပ်ရှိ လက်ရုံးသိုင်းသမားကြီးသုံးယောက်ကို မည်သို့မည်ပုံ ရင်ဆိုင်တိုက်ခိုက် ဖြတ်ကျော်ခဲ့ပုံမှ စကာ၊ မာန်စွယ်နဂါးနှင့် တွေ့ဆုံပြီး ဖြတ်ပျက်ပြောဆို ခဲ့သည့် စကားများ အဆုံး သူက အသေးစိတ်ပင် ပြန်ပြောပြလိုက်သည် ။

သူ ပြောပြသည် များကို နားထောင်ရပြီးနောက် သူရိယစံအိမ်ရှင်ကြီးက ချီးမွမ်းစကားဆိုသည် ။

"ကျွန်တော်တို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

စံအိမ်ရှင်ကြီးက သက်ရှည်အကြီးအကဲ (၃)ယောက်တို့ ၏ "မျက်ရှင်သိုင်းကျမ်းနဲ့ သူရိန်ဓာတ်ပြာတို့ အတွက် ရန်မူ တိုက်ခိုက်လာခဲ့ကြတာ နှစ်ပေါင်း နှစ်ရာကျော်ကျော် သုံးရာနီးပါးလောက် ရှိခဲ့တာမှာ ဒီလို နှစ်ဦးနှစ်ဖက် ပြေလည် အေးငြိမ်းနိုင်မယ့် အခွင့်အလမ်း အခြေအနေ အခုပထမဆုံး ပေါ်လာတာပဲ။ ဒါကို လက်မလွှတ်သင့်ဘူး"

"သူတို့ က မျက်ရှင်သိုင်းကျမ်းကို ငှားရမ်းဖတ်ရှု လေ့လာသင်ယူခွင့်ပြုမယ်ဆိုရင် တို့ ဘက်ကလည်း သူတို့ ကို သူရိန်ဓာတ်ပြာ လက်ဆောင် ပေးလိုက်ကြတာပေါ့"

သက်ရှည်အကြီးအကဲ(၁) အဘွားအိုက စကားတိတိကျကျ ပြောဆိုသည် ။

သက်ရှည်အကြီးအကဲ(၃) အဘိုးအိုက ထောက်ခံသည် ။

နဂါးမျက်ရှင်ဝိဟာရနှင့် သူရိယသံအိမ်တို့ အကြား နှစ်ပေါင်းများ စွာ ဖြစ်ပေါ်တည်ရှိခဲ့သော ရန်လိုတိုက်ခိုက်မှုများ အဆုံးသတ်လျက် နှစ်ဦးနှစ်ဝ အကျိုးရှိစေမည့် ပြေလည်အေးချမ်းမှု ရရှိတော့ မည်မို့ သူ ပျော်ရွှင်ဝမ်းမြောက်ရသည် ကတော့အမှန်။

***

နဂါးမျက်ရှင်ဝိဟာရနှင့် သူရိယသံအိမ်တို့ အကြား ပြေလည် အေးချမ်းမှု သဘောတူညီပွဲကို ဂဠုန်လက်သည်း တောင်ကုန်းပေါ်တွင် ပြုလုပ်သည် ။

သိုင်းလောက ထုံးစံအတိုင်း အစားအသောက် အကျွေးအမွေးများ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်သည် ။

သူရိယစံအိမ်ဘက်မှ စံအိမ်ရှင်ကြီး သူရိန်နဂါးတန်ကြည်ချွမ်း၊ သက်ရှည်အကြီးအကဲ (၃)ယောက်၊ အလင်းရောင်စဉ်သိုင်း (၇)ဖော်နှင့် နေခြည်သူဇာတို့ (၁၂)ဦး ဖြစ်သည် ။

သူကတော့ အထူးအကျိုးဆောင် ဧည့်သည် တော် အနေဖြင့်ပါရှိသည် ။

မာန်စွယ်နဂါးသည် သူတွေ့ခဲ့ရသည့် မူလရုပ်ရည် သွင်ပြင်မျိုးမဟုတ်။ သိုင်းသမား လူထွားလူကြမ်းကြီး တစ်ယောက်အသွင် ရုပ်ပြောင်းရုပ်လွဲ လုပ်ထားသည် ။ အရပ်(၆)ပေ နည်းပါးရှည်ကာ ကိုယ်လုံးကိုယ်ပေါက် တုတ်ခိုင်သည် ။ နီညိုရောင်ဝတ်စုံရှည်ကြီး ဝတ်ထားသည် ။

ပါးမြိုင်းမွေး မုတ်ဆိတ်မွေးထူထူနှင့် မာန်စွယ်လိုလို သွားတက်ချွန်နှစ်ခုလည်း ရှိသေးသည် ။

မျက်နှာအမူအရာလည်း မာကျောခက်ထန်သည် ။ ရယ်ရယ်မောမော ပြောဆိုသည့် အခါများကလွဲလျှင် ရန်လိုတိုက်ခိုက်မည့် အသွင်မျိုး ရှိနေသည် ။ စကားသံကတော့ နဂါးမျက်ရှင်ဝိဟာရ ပင်မအဆောက်အအုံ တိုက်အိမ်လေးထဲသို့ မဝင်ရောက်မီ အပြင်ဘက်တွင် ရှိစဉ်က ကြားခဲ့ရသည့် ခပ်သြသြ ခပ်ထန်ထန် စကားသံဖြစ်သည် ။

ဒါက အများ တွေ့သိ အသိအမှတ်ပြုထားလေသော မာန်စွယ်နဂါး၏ သွင်ပြင်လက္ခဏာတွေ ဖြစ်ကြောင်း သူ သဘောပေါက်သည် ။

သူကိုယ်တိုင် တွေ့မြင်ခဲ့ရသော ဟု န်းမေယန်၏ ကိုယ်နေဟန်ထား၊ ရုပ်ရည်သွင်ပြင်နှင့် လုံး၀ ဆန့်ကျင်ခြားနားသော အနေအထားသို့ နတ်ရေကန်ထဲဆင်း၍ ရုပ်ပြောင်းလိုက်သလို ထူးထူး ခြားခြား ပြောင်းလဲသွားသည် ကတော့ တကယ့်ကို အံ့သြဖွယ်ရာပင်။

ခပ်ကြမ်းကြမ်း ဟောဟောဒိုင်းဒိုင်း ပြောဆိုလှုပ်ရှားနေသော မာန်စွယ်နဂါးကို တွေ့မြင်နေရသော်လည်း သူ့စိတ်အာရုံတွင် တော့ နုပျိုချောမောကာ နွဲ့နှောင်းပြေပြစ်သည့် ဟု န်းမေယန်၏ အသွင်ကိုသာ သိရှိမြင်ယောင်နေသည် ။

စားသောက်ပွဲသည် မြိုင်ဆိုင် ပျော်ရွှင်စွာပင် အောင်မြင် ပြီးမြောက်သည် ။

စားသောက်ပွဲ လက်စသတ်သောအခါ မာန်စွယ်နဂါးက မျက်ရှင်သိုင်းကျမ်း ငှားရမ်းရယူရန်၊ နဂါးမျက်ရှင်ဝိဟာရပင်မ အဆောက်အအုံသို့ လိုက်ပါရန် တရားဝင် ဖိတ်ခေါ်သည် ။

ဖိတ်ခေါ်မှုကို သူရိယစံအိမ်က လက်ခံကာ စံအိမ်ရှင်ကြီး သူရိန်လက်ဝါး တန်ကြည်ချွမ်း ကိုယ်တိုင် မာန်စွယ်နဂါးတို့ နဂါးမျက်ရှင်ဝိဟာရ သိုင်းသမားအစုအဖွဲ့နှင့်အတူ လိုက်ပါသည် ။

တကယ်တော့ သူရိန်လက်ဝါး တန်ကြည်ချွမ်း နဂါးမျက်ရှင်ဝိဟာရ သို့ နောက်လိုက် နောက်ပါ သိုင်းသမား အခြံအရံမပါရှိဘဲ လိုက်ပါလာခြင်းသည် အတော်ကြီးကို စွန့်စားရသည့်လုပ် ရပ်ဖြစ်သည် ။

သူ့အတွက် အန္တရာယ်ကျရောက်နိုင်သည့် အလားအလာတွေ ရာနှုန်းပြည့်ရှိသည် ။

မျက်ရှင်သိုင်းကျမ်း တစ်လဌားရမ်း ဖတ်ရှုလေ့လာ သင်ယူနိုင်ခွင့် ရရှိသည့်အတွက် သူရိယစံအိမ်မှ တုံ့ပြန်ပေးအပ်မည့် သူရိန်ဓာတ်ပြာ တစ်အစ်စာ (လူငါးယောက် သုံးစွဲသိုင်းလေ့ကျင့် ရန် လုံလောက်သည် )ကို တန်ကြည်ချွမ်းက "ယူဆောင်လာရာ၊ နဂါးမျက်ရှင်ဝိဟာရ၏ သိုင်းသမားများက လူအင်အားသုံးကာ ဝိုင်းဝန်းတိုက်ခိုက် အနိုင်ယူပြီး အရလုယူသွားလျှင် သူရိယစံအိမ် အနေဖြင့် အကြီးအကျယ် ထိခိုက်နစ်နာ ဆုံးရှုံးပေတော့မည်။

တန်ကြည်ချွမ်းသည် သူ့ကို ယုံကြည်စိတ်ချသောကြောင့် သည် လိုအန္တရာယ်မျိုးကို မမှုပဲ လိုက်ပါလာသလို၊ သူကလည်း မာန်စွယ်နဂါးအသွင်ယူ ဆောင်ရွက်နေလေသော ဟု န်းမေယန်ကို ယုံကြည်စိတ်ချမှု အပြည့်ရှိသောကြောင့် ရဲရဲဝံ့ဝံ့ တာဝန်ခံခဲ့ခြင်း ဖြစ်သည် ။

အခြေအနေတွေက အားလုံး ချောမော အဆင်ပြေသည် ။

မာန်စွယ်နဂါးက သူနှင့် တန်ကြည်ချွမ်းတို့ နှစ်ယောက်ကို နဂါးမျက်ရှင်ဝိဟာရ၏ ပင်မအဆောက်အအုံ တိုက်အိမ်ငယ်ထဲသို့ ခေါ်ဆောင်သွားပြီး မျက်ရှင်သိုင်းကျမ်းကို တန်ကြည်ချွမ်း လက်သို့ တစ်

လတာ ငှားရမ်းဖတ်ရှုရန် ပေးအပ်သည် ။

တန်ကြည်ချွမ်းကလည်း သူရိန်ဓာတ်ပြားတစ်အစ်စာကို မာန်စွယ်နဂါးလက်သို့ ပေးအပ်လိုက်သည် ။

တစ်ဖက်နှင့်တစ်ဖက် အပေးအယူ ပြီးမြောက်စွာပေးပြီး ...

"စကားတစ်ခု ပြောချင်တယ်။ ဒီမျက်ရှင်သိုင်းကျမ်းကို သူရိယစံအိမ်ကို တစ်လတာ ငှားရမ်းတဲ့ နေရာမှာ ဘာကန့်သတ်ချက် စည်းကမ်းမှ မရှိဘူး။ စိတ်ကြိုက် လေ့လာနိုင်တယ်။ ဖတ်ရှု နိုင်တယ်။ မူပွား ကူးယူထားနိုင်တယ်"

မာန်စွယ်နဂါးက ပြောသည် ။

သူရိန်လက်ဝါး တန်ကြည်ချွမ်း မျက်နှာတစ်ချက် ပျက်သည် ။

ငှားရမ်းရရှိလာသော မျက်ရှင်သိုင်းကျမ်းကို ဖတ်ရှုလေ့လာ သင်ယူသည့်အပြင်၊ အလွတ်ကျက်မှတ် ထားပြီးလျှင် သိုင်းကျမ်း ပြန်ပေးအပ်ပြီးသည့် နောက်တွင် အလွတ် ကျက်မှတ်ထားမှုများ အရ မျက်ရှင်သိုင်းကျမ်း ကိုယ်ပွားတစ်စောင်ကို ရေးသားရယူလိုက်ရန် တန်ကြည်ချွမ်းက ကြံစည်ထားသည် ။

မာန်စွယ်နဂါးကမူ ပွားကူးယူရန်ပင် ခွင့်ပြုလိုက်ပေရာ တန်ကြည်ချွမ်း၏ စိတ်ကူးတို့ မှာ စည်းကမ်းဖောက်ဖျက် ကျူးလွန်သည့် အနေအထားမျိုးပင် ဖြစ်သွားသည် ။

ဖြောင့်မတ်တည်ကြည်သော လမ်းမှန်သိုင်းသမား တစ်ယောက်အနေဖြင့် တန်ကြည်ချွမ်းသည် ဤဖောက်ဖျက်ကျူးလွန်မှုကို ပြုပြင်ဖာထေးရပေတော့မည်။

"နဂါးမျက်ရှင်ဝိဟာရရဲ့ ဒီစေတနာကို အများကြီး လေးစားပါတယ်။

ဒီစေတနာကို အသိအမှတ်ပြု တုံ့ပြန်တဲ့ အနေနဲ့ သူရိန်ဓာတ်ပြာ ဖော်စပ်ပြုလုပ်ပုံ နည်းလမ်းနဲ့ ဆေးညွှန်းကို ပြောပြပေးပါ့မယ်"

သူရိယစံအိမ်ရှင်ကြီး သူရိန်လက်ဝါး တန်ကြည်ချွမ်းက ပြောလိုက်သည် ။

ဤပြောစကားသည် နဂါးမျက်ရှင်ဝိဟာရနှင့် သူရိယစံအိမ်တို့ အကြား နှစ်ပေါင်း သုံးရာကျော် တည်ရှိခဲ့သော ရန်လိုတိုက်ခိုက်မှုများကို အဆုံးသတ်စေလျက် ပြေလည် အေးချမ်းစွာ ပေါင်းစည်း လုပ်ဆောင်မှုကို ဖြစ်ပေါ်စေခဲ့ပေသည် ။

***

နဂါးမျက်ရှင်ဝိဟာရကို သူရိန်ဓာတ်ပြာ ဖော်စပ်လုပ်ဆောင်ပုံ နည်းလမ်းများ အသိပေးခဲ့မှုနှင့် ပတ်သက်၍ သူရိယစံအိမ်ရှင်ကြီး သူရိန်လက်ဝါး တန်ကြည်ချွမ်းကို သက်ရှည်အကြီး(၂) အဘိုးအိုက ပြစ်တင်ပြောဆိုသည် ။

"ငါတို့ ဆွေစဉ်မျိုးဆက် ထိန်းသိမ်းထားခဲ့တဲ့ သူရိန်ဓာတ်ပြာ ဖော်စပ်ပြုလုပ်နည်းကို ဘာကြောင့် ရန်သူကြီးတွေကို အသိပေးလိုက်ရတာလဲ ။ ဒါဟာ ကွယ်လွန်သူ ဘိုးဘေးတွေကို မရိုမသေ ပြုသလို ဖြစ်မနေဘူးလား"

"မျက်ရှင်သိုင်းကျမ်းကို ငွားရမ်းဖတ်ရှု လေ့လာသင်ယူခွင့်သာ မဟုတ်ဘဲ မိတ္တူပွား ကူးယူထားခွင့်ပါ ပေးလိုက်တာဆိုတော့ သူတို့ ဟာ ကျွန်တော်တို့ ရဲ့ ရန်သူကြီးတွေ မဟုတ်တော့ပါဘူး။ အစပျိုးလိုက်နိုင်တဲ့

ပြေလည် အေးငြိမ်းမှု ပိုမိုခိုင်ခန့် ကြီးမားလာအောင် ကျွန်တော်က သူရိန်ဓာတ်ပြာ ဖော်စပ်ပြုလုပ်နည်းကို အသိပေးခဲ့တာပါ"

တန်ကြည်ချွမ်းက ဖြေရှင်းပြသည် ။

"မျက်ရှင်သိုင်းကျမ်းကို လိုချင်လို့ ငါတို့ က သူတို့ ကို တိုက်ခိုက်တယ် ။ နဂါးမျက်ရှင် ဝိဟာရကလည်း သူရိန်ဓာတ်ပြာ ရနိုင်ဖို့ ငါတို့ ကို ရန်ပြုတယ်။ အပြန်အလှန် တိုက်ခိုက်လာခဲ့ကြတာ နှစ်ပေါင်းများ စွာ ကြာမြင့်ခဲ့ပြီ။ ငါတို့ ဘက်က မျက်ရှင်သိုင်းကျမ်း အရမယူနိုင်ခဲ့သလို မျက်ရှင်ဝိဟာရလည်း သူရိန်ဓာတ်ပြာ မရခဲ့ဘူး။ နှစ်ဖက်စလုံးက အကျော်အမော်သိုင်းသမားတွေ ထိခိုက်သေဆုံးပြီး အငြိုးအတေး ပိုများ ရန်မီးပိုပွားလာတာပဲ အဖတ်တင်ခဲ့တယ်လေ။ ဟော ... အခု ငါတို့ က မျက်ရှင်သိုင်းကျမ်းကို ငှားရမ်းနိုင်ပြီး မိတ္တူတောင် ပွားယူသိမ်းဆည်းထားနိုင်ဖို့ အခွင့်အရေးရပြီ။ သူတို့ လည်း သူရိန်ဓာတ်ပြာ တစ်အစ်စာရတဲ့ အပြင် ဖော်စပ်ပြုလုပ်နည်းလည်း သိသွားပြီ။ ဒီသိုင်းကျမ်း ဒီဓာတ်ပြာတွေရဖို့ အတွက် သူသေ ကိုယ်သေ ဆက်တိုက်ခိုက် နေကြစရာလည်း အကြောင်း မရှိတော့ဘူး။ ရှေ့လျှောက်ပြီး နဂါးမျက်ရှင်ဝိဟာရနဲ့ သူရိယစံအိမ်တို့ ငြိမ်းချမ်းစွာ မိတ်ဆွေဖွဲ့ပြီး ရင်းနှီး ချစ်ကြည်သွားကြဖို့ ပဲ ရှိတော့တယ်"

သက်ရှည်အကြီးအကဲ(၁) အဘွားအိုက ပြောသည် ။

"သူရိန်ဓာတ်ပြာ ဖော်စပ်ပြုလုပ်နည်း ပေါက်ကြားသွားတာကြောင့် စိတ်လှုပ်ရှားပြီး ပြောလိုက်မိတာပါ။ ရေရှည်ပြေငြိမ်း ချစ်ကြည်သွားမယ်ဆိုရင် ကောင်းပါတယ်"

သက်ရှည်အကြီးအကဲ(၂) အဘိုးအိုက သူ၏ စကားများကို ပြန်ရုပ်သိမ်းသွားသည် ။

"နဂါးမျက်ရှင်ဝိဟာရနဲ့ သူရိယစံအိမ်တို့ အကြား နှစ်ပေါင်းစွာ ဖြစ်

တည်နေခဲ့တဲ့ အငြိုးအတေးတွေနဲ့ ရန်လိုတိုက်ခိုက်မှု အဆုံးသတ်ပြီး ရင်းနှီးခင်မင်အောင် စွမ်းဆောင်ပေးခဲ့တဲ့ သိုင်းလုလင် မောင်ရင်လေး ကို အသိအမှတ်ပြု ဂုဏ်တင် လက်ဆောင်အနေနဲ့ ဒေါင်းမင်းသား ဓားရှည် ချီးမြှင့်လိုက်ဖို့ ကျွန်တော် စိတ်ကူးရှိပါတယ်။ သက်ရှည်ကြီးအကဲများ လည်း သဘောတူကြ ထင်ပါတယ်"

သူရိန်လက်ဝါး တန်ကြည်ချွမ်းက ပြောဆိုခွင့်ပန်သည်။

သက်ရှည်အကြီးအကဲ (၃)ယောက်တို့ ပြုံးစစအမူအရာများ ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"သင့်လျော် ကောင်းမွန်တဲ့ စိတ်ကူးပဲ"

ဤသို့ဖြင့် သူတို့ သူရိယစံအိမ်ရှင်ကြီး သူရိန်လက်ဝါး တန်ကြည်ချွမ်း ကိုယ်တိုင်က သူရိယစံအိမ်၏ ဒေါင်းမင်းသား ဓားရှည် ချီးမြှင့် လက်ဆောင်ပေးသည်။

ဒေါင်းမင်းသားဓားရှည် လက်ခံရယူပြီးနောက် သူရိယ စံအိမ်မှ သူ ထွက်ခွာလာခဲ့သည်။

***

# အခန်း(၁)

တရုတ်ပြည် တောင်ပိုင်းဒေသ တာ့လီနယ် တစ်နေရာရှိ "နွေဦးလက်ဘ်"ရေတံခွန်ကြီး၏ အောက်ခြေ ကျောက်ဖျာကြီးပေါ်တွင် လူငယ်လေးတစ်ယောက် ထိုင်ကာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသည် ။

ထိုလူငယ်လေး၏ အမည်က ဟန်ကောင်းမိန်။ လဝန်းစကြာ ရဲတိုက်သခင် မင်းသားကြီး ဟန်လုံစန်း၏ သားအငယ်ဖြစ်သည် ။

ရဲတိုက်သခင်မင်းသားကြီး ဟန်လုံစန်းတွင် ဟန်ကောင်းချန်နှင့် ဟန်ကောင်းမိန် ဟူသော သားနှစ်ယောက်ရှိသည် ။ ဟန်ကောင်းချန်က ဟန်ကောင်းမိန်ထက် အသက်(၁၀)နှစ်ခန့်ကြီးသည် ။

သူတို့ နှစ်ယောက်မှာ ညီရင်းအစ်ကို ဖြစ်ကြသော်လည်း ၊ အသက်အရွယ် ကွာခြားချက်ကြောင့် တူဝရီးနှစ်ယောက်လိုမျိုး အနေထားပင် ရှိနေကြသည် ။

ဟန်ကောင်းချန်က ဉာဏ်ထက်မြက်သည် ။ လုပ်ရည်ကိုင်ရည် ပြည့်ဝသည် ။ အသက်(၂၅)နှစ်သာ ရှိသေးသော်လည်း အရွယ်နှင့်မမျှအောင် သိုင်းလောက အတွေ့အကြုံများ သည် ဗဟု သုတ ကြွယ်ဝသည် ။ သိုင်းလောကတွင် ဂုဏ်တင့်လေးစားစေလောက်သည့် စွမ်းဆောင်မှု အတော်များများ အောင်မြင်အောင် လုပ်နိုင်ခဲ့သည် ။

လဝန်းစကြာရဲတိုက်၏ မိသားစုသိုင်းပညာ လမင်းစန္ဒာ သိုင်းပညာကို အဆင့်(၅)အထိ ပေါက်မြောက်အောင်မြင်အောင် လေ့ကျင့်နိုင်ကာ၊ လမင်းစန္ဒာသိုင်းပညာ၏ တံလျှပ်ခြေလှမ်းကွက်၊ လပြည့်တံခွန်ကိုယ်ဖော့ပညာနှင့် လမင်းရောင်ခြည်အကြောထိုး သိုင်းပညာတို့ ကို အဆင့်ကုန်လုနီးပါး တတ်မြောက်နေသည် ။

လဝန်းစကြာရဲတိုက်သခင်ကြီး ကိုယ်တိုင်ပင် လမင်းစန္ဒာ သိုင်းပညာကို အဆင့်(၆)အထိ အောင်မြင် ပေါက်မြောက်နေရာ ဟန်ကောင်းချန်သည် ဖခင်နှင့် ပခုံးချင်းယှဉ်နိုင်သည့် သိုင်းပညာ အဆင့်တွင် ရှိနေသည် ဟု ဆိုရမည်။

ဟန်လုံစန်းသည် သားကြီး ဟန်ကောင်းချန်နှင့် ပတ်သက်၍ များ စွာ ဂုဏ်ယူမာန်ဝင့်သည် ။ မိမိ၏ အရိုက်အရာကို ဆက်ခံလျက် လဝန်းစကြာရဲတိုက်၏ သိုင်းပညာစွမ်းရည်ကို မြင့်မား ထက်မြက်စွာ ဖော်ထုတ်လျက် သိုင်းလောကတွင် အထူးထင်ရှား ကျော်ကြားအောင် စွမ်းဆောင်ပေးမည့် မျိုးဆက်သားကောင်း ရတနာတစ်ယောက်ဟု မျှော်လင့် ယုံကြည်ထားသည် ။

သည် လို အားကိုးအားထား ပြုလောက်သည့် သားကြီးတစ်ယောက်ရှိနေရာ ဟန်ကောင်းမိန်မှာ တော့ ဟန်လုံစန်း၏ မျက်စိထဲတွင် ဘယ်လိုမှု ကြည့်မရအောင် ရှိနေသည် ။

ဟန်ကောင်းမိန်သည် အစ်ကိုကြီးကို မမီသော်လည်း အစွမ်းအစတော့ မညံ့ဖျင်းလှပါ။ သူ့ အတွက် ကုသိုလ်ကံမကောင်းသည် မှာ စံပြုဖွယ်ရာ အစ်ကိုကြီး ရှိနေခြင်းပင်ဖြစ်သည် ။

အသက်(၁၅)နှစ်သာသာမျှသာ ရှိသေးသော ဟန်ကောင်းမိန်သည် လူငယ်ပီပီ အပျော်အပါး မက်သည် ။ ဘာကိုမှု အလေးအနက် မထားချ

င်သေး။ ခပ်ပေါ့ပေါ့နေကာ ဖခင်ကြီး ဟန်လုံစန်း အနေဖြင့် မျက်စိစပါး မွေးစူးစရာလို ဖြစ်နေသည် ။

အစ်ကိုကြီးဖြစ်သူနှင့် အမြဲလိုလို နှိုင်းယှဉ်ပြောဆို နှိမ်ချခံနေရပြန် ရော၊ ဟန်ကောင်းမိန်ကလည်း လူငယ်စိတ်ဖြင့် ဂျစ်ကန်ကန် ပြုလုပ်နေပြန်ရာ သူ့အပေါ် ဖခင်၏ မျက်နှာသာပေးမှုကို မရနိုင်ဘဲ ရှိနေ သည် ။

မည်သို့ဆိုစေ ဟန်ကောင်းမိန်သည် သူ့အစ်ကိုကြီး ဟန်ကောင်းချန် ကိုတော့ အလွန်ပင် ချစ်ခင်လေးစားသည် ။ ဟန်ကောင်းချန်ကလည်း ညီငယ်ကို ချစ်ခင်ကာ အလိုလိုက်သည် ။ အစစ အရာရာ ဖေးမသည် ။

ဖခင်၏ မျက်နှာသာပေးမှု မရသော ဟန်ကောင်းမိန်အတွက် အစ်ကိုကြီး ဟန်ကောင်းချန်၏ ချစ်ခင်ကြင်နာ ဖေးမမှုတို့ ကြောင့်သာ အသက်ရှူချောင်နေခဲ့သည် ။

အစ်ကိုကြီး ဟန်ကောင်းချန်အပြင် ဟန်ကောင်းမိန်အတွက် အား ပေးဖော် တစ်ယောက်လည်း ရှိနေပါသည် ။ ထိုအားပေးဖော်မှာ မိန်က လေး ယောင်ကြည်လင် ဖြစ်သည် ။

စေ့စေ့ပေါက်ပေါက် စပ်ဟပ်ကြည့်မည်ဆိုလျှင် မိန်းကလေး ယောင်ကြည်လင်သည် လဝန်းစကြာရဲတိုက်နှင့် ဆွေရိပ်မျိုးရိပ် မကင်း ပေ။ ယောင်ကြည်လင်၏ ဖခင် ယောင်အိမ်ကိသည် လဝန်းစကြာရဲတို က်တွင် အကူသမားတော် တစ်ယောက်အဖြစ် အမှုထမ်းသည် ။

ယောင်ကြည်လင်တို့ မိသားစုသည် သိုင်းသမားဇာစ်မြစ် ဖြစ်သော် လည်း သိုင်းပညာထက် ဆေးပညာကိုသာ ဦးစားပေးခဲ့ရာ သူတို့ ၏ သိုင်းပညာမှာ သိုင်းလောကတွင် အသိအမှတ်ပြုခံရသည့် အခြေအနေ အဆင့်တွင် မရှိခဲ့ပေ။

ဆေးဝါးကုသမှုနှင့် ပတ်သက်၍ သာ အတန်အသင့် နေရာပေးခြင်း ခံရသည် ။

ဖခင်ကြီး ယောင်အိမ်ကိ အကူသမားတော်အဖြစ် လုပ်ကိုင်ခဲ့စဉ်က ယောင်မိသားစုသည် လဝန်းရဲတိုက်၏ အဆောင်အခန်း တစ်ခုတွင် နေထိုင်ခဲ့ကြရာ ဟန်ကောင်းမိန်နှင့် ယောင်ကြည်လင်တို့ သည် ကစားဖော် ငယ်သူငယ်ချင်းများ ဖြစ်ခဲ့ကြသည် ။ တစ်ဦးအပေါ်တစ်ဦး ခင်မင်စိတ်များ ရှိခဲ့ကြသည် ။

ဟန်ကောင်းချန်သည် လဝန်းစကြာရဲတိုက်မိသားစု သိုင်းပညာများ လေ့ကျင့်ခြင်းတွင် သာ အချိန်ပေးလျက် သိုင်းပညာများ တတ်မြောက်ပြီးသည့် နောက်တွင် လည်း သိုင်းလောကတွင် လှည့် လည်သွားလာကာ အတွေ့အကြုံများ ရှာမှီးလေ့လာနေပေရာ ယောင်ကြည် လင် အနေဖြင့် ဟန်ကောင်းချန်၏ အမည်ကို သိရုံမှ လွဲ၍ လူချင်း တစ်ခါမျှ မဆုံဖူးခဲ့ပေ။

ဟန်ကောင်းမိန်နှင့်သာ ခင်မင်ရင်းနှီး ကျွမ်းဝင်နေခဲ့သည် ။

ယောင်ကြည်လင်နှင့် ဟန်ကောင်းမိန်တို့ (၉)နှစ်(၁၀)နှစ်အရွယ် ရောက်ချိန်တွင် ဘာအကြောင်းကြောင့်မှန်း မသိ၊ ယောင်အိမ်ကိသည် လဝန်းစကြာရဲတိုက်၏ သမားတော်အလုပ်မှ နုတ်ထွက်ကာ တာ့လီနယ် ယုန်စုကျေးရွာသို့ ပြောင်းရွှေ့ခဲ့လေသည် ။

ယုန်စုကျေးရွာတွင် ခြေချနေထိုင်ကာ ဆေးဝါးကုသမှုများ ပြုလုပ်အသက်မွေးခဲ့သည် ။

အတူနေထိုင်ကြီးပြင်းခဲ့ကြသည့် ဟန်ကောင်းမိန်နှင့် ယောင်ကြည် လင်တို့ ၏ ငယ်သူငယ်ချင်း သံယောဇဉ်ကတော့ မပြတ်ခဲ့ပါ။

ငယ်သူငယ်ချင်းနှစ်ယောက်သည် လဝန်းစကြာရဲတိုက်နှင့် ယုန်စု ကျေးရွာတို့ အကြား ခရီးအကွာအဝေး အလယ်ဗဟိုလောက်တွင် ရှိသည့် နွေဦးလက်ဘ်ရေတံခွန်ကြီးတွင် လတစ်လ၏ ပထမဆုံး ကြာသပတေးနေ့များ တွင် တွေ့ဆုံကာ မိမိတို့ ကြုံတွေ့ရသည့် ဖြစ်ရပ်အဖုံဖုံကို အပြန်အလှန် ပြောဆိုကာ အသိအမြင်ချင်း ဖလှယ်လေ့ရှိသည်။

ယခုလည်း (၉)လပိုင်း၏ ပထမဆုံး ကြာသပတေးနေ့တွင် ယောင်ကြည်လင်နှင့် ဆုံတွေ့ နိုင်ရန် နွေဦးလက်ဘ် ရေတံခွန်တွင် ဟန်ကောင်းမိန် ရောက်ရှိစောင့်ဆိုင်းနေခြင်း ဖြစ်သည်။

***

ရောက်နေကျအချိန်တွင် ယောင်ကြည်လင် ရောက်မလာသေးသောကြောင့် တစ်ခုခုများ ဖြစ်လေသည် လားဟု ဟန်ကောင်းမိန် တွေးတာစိုးရိမ်မိသည်။

ရောက်နေကျ အချိန်ထက် နာရီဝက်ကျော်ကျော်လောက် ကြာတော့မှ ပင် ယောင်ကြည်လင် တစ်ယောက် နွေဦးလက်ဘ်ရရေတံခွန် ရောက်လာသည်။

"ဟော ... နင် ရောက် လာပြီကိုး"

"နင့်ကို သတင်းကောင်းတစ်ခု ပြောစရာရှိတယ်၊ အဲဒီအတွက် သေချာအောင် စောင့်နေရလို့ အချိန်နည်းနည်း ကြာသွားတာပါ"

"ရပါတယ်လို့ ဆိုနေမှ ၊ ကဲ ... ပြောစမ်းပါဦး။ ဘာသတင်း ကောင်း လဲ"

"နင် မှန်းကြည့်လေ"

"နင်တို့ အဖေ အဆိပ်တစ်ထောင်ဖြေဆေး ဖော်စပ်အောင် မြင်ပြီလို့ ငါထင်တာပဲ"

ယခု ယောင်ကြည်လင်က အားတက်သရော ဝမ်းသာအားရ ပြောဆိုလာသောအခါ ဟန်ကောင်းမိန်က ဒက်ခနဲ ပြောချလိုက်ခြင်းဖြစ်သည် ။

"သူတော်စဉ် အဆိပ်ပင့်ကူ ရှာလို့ ရ လာပြီလေ၊ ဒါဆို လိုအပ်တဲ့ ဆေးအမယ်တွေ ပြည့်စုံသွားပြီ။ အဆိပ်တစ်ထောင်ဖြေဆေး ဖော်စပ်အောင်မြင်တော့မယ်။ နင် အဆိပ်သင့်ရင် ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး။ ငါ ကုပေးနိုင်ပြီ"

ယောင်ကြည်လင်က ဝမ်းသာအားရ ပြောသည် ။

"ဒီလိုမျိုး ကြားရတာ ဝမ်းသာပါတယ်ဟာ၊ ဒါပေမဲ့ ငါတော့ အဆိပ်သင့် မခံပါရစေနဲ့ "

အပြစ်ကင်းမဲ့သော ရယ်မောသံလေးများ ညံစီသွားသည် ။

"ငါလည်း နင့်ကို ပြောစရာ သတင်းကောင်းတစ်ခု ရှိတယ် ကြည်လင်ရဲ့ "

"ပြောလေ ... ဘာလဲ နင့်အစ်ကိုကြီး ရဲတိုက်ကို ပြန်လာမယ်ဆိုတဲ့ သတင်းလား"

ဟန်ကောင်းမိန်၏ အစ်ကိုကြီး ဟန်ကောင်းချန်သည် သိုင်းလောကအနှံ့ သွားလာ လှုပ်ရှားနေခဲ့ရာ နေအိမ်သို့ ပြန်လာမည်ဆိုသော သတင်းမကြာခဏ ရောက်လာတုတ်သည် ။ ထိုသို့ သတင်းရောက်လာတိုင်း ဟန်ကောင်းမိန်ကလည်း ယောင်ကြည်လင်ကို ဝမ်းမြောက်ဝမ်းသာပင် ပြောပြလေ့ရှိသည် ။

ဟန်ကောင်းမိန် (၁၀)နှစ်သားအရွယ်ကပင် သိုင်းလောကတွင် လှည့်လည်ရန် လဝန်းစကြာရဲတိုက်မှ ဟန်ကောင်းချန် ထွက်သွားခဲ့ရာ ယခုအသက်(၁၅)နှစ်အရွယ် ရောက်လာသည် အထိ (၅)နှစ်တာ ကာလအတွင်း ညီအစ်ကိုနှစ်ယောက် နှစ်ကြိမ်သာ ပြန်ဆုံမိကြသည် ။

ယောင်ကြည်လင်နှင့်မူ တစ်ကြိမ်မျှ မဆုံမိတော့။ ယောင်ကြည်လင်မှာ ဟန်ကောင်းချန်ကို မမှတ်မိတော့သလိုလိုတောင် ရှိနေသည် ။ ဟန်ကောင်းချန်ကို နောက်ဆုံးအကြိမ် တွေ့ရသည် မှာ မောင်ကြည်လင် (၁၀)နှစ်သာသာ အရွယ်က ဖြစ်သည် ။

"အဟီး ... ဟုတ်တယ်။ အဲဒါပဲ ပြောမလို့ ။ ဒီတစ်ခါတော့ အစ်ကိုကြီး တကယ်ပြန်လာမှာ ပါ။ အစ်ကိုကြီးကို ငါတို့ ရဲတိုက်ရဲ့ အရိုက်အရာ ဆက်ခံမယ့် မင်းသားလေးအဖြစ် တရားဝင် ပင့်မြှောက်ကြော်ငြာပွဲလုပ်ဖို့ ရှိတယ်လို့ လည်း ဖေဖေက ပြောတယ်"

"ပြန်လာရင်တော့ နင့်အစ်ကိုကြီးနဲ့ ပြန်ဆုံရမှာ ပေါ့၊ ငါဖြင့် သူ့ကို မှတ်မိပါဦးမလားတောင် မသိဘူး"

"အေး ... အစ်ကိုကြီးက နင့်ကိုမြင်ရင် မမှတ်မိမှာ တော့ သေချာတယ်။ သူနဲ့ နောက်ဆုံး တွေ့တုန်းက နင်က ကလေးသာသာပဲ ရှိသေးတာ၊ ဟော ... အခု တစ်သွေးတစ်မွေးနဲ့ မိန်းမချော မိန်းမလှလေး ဖြစ်နေပြီ မဟုတ်လား"

"သွားစမ်းပါ။ ဘာမှန်းလဲ မသိဘူး"

နွေးထွေးခင်မင်သော ရယ်သံလေးများ ပေါ်ထွက်သွားပြန်သည် ။

***

(၁၀)လပိုင်း၏ ပထမဆုံး ကြာသပတေးနေ့တွင် တော့ နွေဦးလက်ာ ရေတံခွန်သို့ ဟန်ကောင်းမိန်နှင့် ယောင်ကြည်လင်တို့ နှစ်ယောက် ပြိုင် တူလိုလိုပင် ရောက်ကြသည် ။

ဘယ်သူက ဘယ်သူ့ကိုမှ စောင့်မျှော်နေရန် မလိုတော့။

ငယ်သူငယ်ချင်း နှစ်ယောက်လုံးတွင် ခိုင်မာတိကျသော သတင်း ကောင်းတွေ ကိုယ်စီရှိနေကြသည် ။

"ငါတို့ ဖေဖေ အဆိပ်တစ်ထောင်ဖြေဆေး ဖော်စပ်အောင်မြင်ပြီ။ ငါ့ ကိုတောင် ဆေးလုံးတစ်လုံး ပေးထားတယ်။ ဟောဒီမှာ ကြည့်"

မိန်းကလေးပီပီ နှုတ်သွက်သော ယောင်ကြည်လင်က သူမ၏ သတ င်းကောင်းကို ဦးအောင်ပြောသည် ။

သူမ ရရှိထားသော အဆိပ်တစ်ထောင် ဖြေဆေးလုံးလေးကိုလည်း ထုတ်ပြသည် ။

ရွေးစေ့အရွယ် ဆေးလုံးလေးမှာ ပယင်းရောင်တောက်နေသည် ။ ချို တိုတို စူးတူးတူး ရနံ့ ခပ်သင်းသင်းရှိသည် ။

"အစ်ကိုကြီး လဝန်းစကြာရဲတိုက်ကို ပြန်လာနေပြီ။ ဒီနေ့ ရောက်မ လား မနက်ဖြန် ရောက်မလားတောင် မပြောတတ်ဘူး။ အစ်ကိုကြီးအ တွက် ကြိုဆိုစားသောက်ပွဲလုပ်ရင် နင့်ကို ဖိတ်မယ်။ နင် ဆက်ဆက် လာရမယ်နော်"

ဟန်ကောင်းမိန်ကလည်း သူ၏ သတင်းကောင်းကို ပြောသည် ။

"လာတာကတော့ ဟုတ်ပါပြီ၊ နင်တို့ ရဲတိုက်က ငါ့ကို လက်ခံကြိုဆို

ပါမလား"

ယောင်ကြည်လင်က ပြောသည်။

စပ်ကြည့်လျှင် ဆွေနီးမျိုးစပ် တော်သည့်တိုင် ယောင်ကြည်လင်တို့ မိသားစုနှင့် လဝန်းစကြာရဲတိုက်တို့ ဆက်ဆံရေးမှာ ခပ်တန်းတန်းသာ ဖြစ်နေသည်။

"သွားစမ်းပါ၊ မဆိုင်တာတွေ ပြောမနေနဲ့။ ငါကိုယ်တိုင်က နင့်ကို ပွဲတက်ဖို့ ဖိတ်တာ။ ရဲတိုက်က ကြိုဆိုရမှာ ပေါ့"

ဟန်ကောင်းမိန်က ပြောသည်။

"အင်းလေ ... အိမ်ပြန်လာတဲ့ အစ်ကိုကြီးကို ကြိုဆိုတဲ့ စားသောက်ပွဲဆိုတော့ လာပါမယ်"

"နင့်စကားက ဘယ်လိုလဲ။ အစ်ကိုကြီးကို ကြိုဆိုတဲ့ ပွဲမို့ လာမယ်၊ ငါဖိတ်လို့ လာမှာ မဟုတ်တဲ့ သဘောလား"

"နင်ကလည်း ... ယောကျ်ားလေးဖြစ်ပြီး စကားအထအန ကောက်နေပြန်ပါပြီ။ နင်ဖိတ်ကြားတဲ့ နင့်အစ်ကိုကြီးကို ကြိုဆိုတဲ့ စားသောက်ပွဲကို ငါ လာမယ်၊ ဟုတ်ပြီလား"

"အင်း ... အင်း"

ခေါင်းညိတ်လိုက်သော်လည်း ဟန်ကောင်းမိန်၏ စိတ်ထဲတွင် တော့ ဘဝင်မကျချင်သလိုလို ဖြစ်နေသည်။

***

အဝေးဆီတွင် ယုန်စုကျေးရွာကို မှုန်ပျပျ လှမ်းမြင်ရသည် ။ နေလုံးနီနီကြီးကတော့ ယုန်စုကျေးရွာအနောက်ဘက် တောင်တန်းလေး၏ သစ်ပင်ထိပ်ဖျားပေါ်တွင် မေးတင်နေသည် ။ ယုန်စုကျေးရွာသို့ မရောက်မီပင် နေဝင်မိုးချုပ်ပေတော့မည်။

ယုန်စုကျေးရွာမှ လဝန်းစကြာရဲတိုက်သို့ မြင်းကို ပုံမှန်စီးသွားလျှင် နေ့ဝက်ခရီး ကွာဝေးသည် ။ မြင်းကို ခပ်မြန်မြန် ခပ်သွက်သွက် စိုင်းနိုင်မည် ဆိုလျှင်တော့ သူ လေးနာရီခန့်အတွင်း ရောက်နိုင်သည် ။

ခရီးမပန်းသလို လူလည်း လန်းဆန်းမည်။

ယုန်စုကျေးရွာတွင် ညအိပ်ဝင်နားမနေတော့။

ညတွင်းချင်းပင် လဝန်းစကြာရဲတိုက်သို့ အရောက် ခရီးနှင်မည်။

ခင်တန်းတောအုပ်ငယ်တစ်ခုမှ ထွက်၍ မြက်ခင်းပြင်တစ်ခုသို့ အဝင်တွင် တော့ ဟန်ကောင်းချန် အတွက် မြင်ကွင်းရိုင်းတစ်ခုက ဆီးကြိုနေသည် ။

ဝင်စပြုနေသော နေမင်း၏ အလင်းရောင်တို့ က အားပျော့စပြုနေသည် ။ သို့သော် စူးရှအားကောင်းသော ဟန်ကောင်းချန်၏ မျက်စိအစုံကတော စိမ်းမြမြမြက်ပင်များ ပေါ်တွင် ပုံ့ပုံ့ယုံ့ယုံ့လေး လဲကျနေသော မိန်းမပျိုတစ်ယောက်၏ အသွင်ကို ပြက်ပြက်ထင်ထင်ပင် မြင်ရသည် ။

အဝတ်အစား မလုံတလုံ ဖြစ်နေသော မိန်းမပျိုလေးရှိရာသို့ အသက် (၄၀)ခန့်ရှိ အားကောင်းမောင်းသန် ယောကျ်ားကြီး တစ်ယောက် အပြေးရောက်လာသည် ။ ယောကျ်ားကြီး၏ ညာလက်ထဲတွင် ဓားရှည်တစ်လက် ပါလာသည် ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ပင် မိန်းမပျိုလေးနှင့်

ယောက်ျားကြမ်းကြီး နှစ်ယောက်အကြားသို့ ရောက်သွားသည် ။

"ဒီကောင်မလေးက ငါ့ရဲ့ အပျော်မယား။ သူများ လင်မယားကြား ဝင်မရှုပ်နဲ့ "

ယောက်ျားကြီးက ဟိန်းဟောက်သည် ။

" မဟုတ်ဘူး ... မဟုတ်ဘူး ၊ သူနဲ့ ကျွန်မ ဘာမှ မဆိုင်ဘူး။ သက်သက်မဲ့ မတော်မတရား လုပ်နေတာ"

"မဆိုင်တာ ဝင်ရှုပ်ချင်တဲ့ ကောင် သေပေတော့"

ယောက်ျားကြီးက အော်ဟစ်ကြုံးဝါးရင်း ဟန်ကောင်းချန်ကို ဓားရှည်ဖြင့် ပိုင်းချသည် ။

ယောက်ျားကြီးကတော့ သူ ရင်ဆိုင်နေသူမှာ အစွမ်းထက်မြက်သော သိုင်းလုလင်တစ်ယောက် ဖြစ်ကြောင်း သိဟန်မတူ။ ဒေါသတကြီးဖြင့်သာ ဆက်၍ ထိုးခုတ်နေသည် ။ သူ့ဓားချက်တွေက လေကိုသာ ခုတ်မိသည် ။

ဓားချက်ငါးချက် ခုတ်ပြီးချိန်တွင် ဟန်ကောင်းချန်က ကိုယ်ဟန်တစ်ချက် လှုပ်လိုက်သည် နှင့် ယောက်ျားကြီး၏ ဓားရှည် သူ့လက်ထဲ ရောက်လာသည် ။

ဓားရှည်လက်လွတ် ဖြစ်သွားသော ယောက်ျားကြီးသည် ဆက်လက်တိုက်ခိုက်ဖို့ စိတ်မကူးတော့။ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးလေတော့သည် ။

ထိုအချိန်မှာ ပင် သူ ဘယ်လိုမျှ မျှော်လင့်မထားသော အနီးကပ် အလစ်ဖမ်း တိုက်ခိုက်မှုကို ဟန်ကောင်းချန် ရင်ဆိုင် ရလေသည် ။

***

"ဟူး"

မိန်းမပျိုလေးက ပါးစပ်ထဲမှ အပ်ပုံလေးတစ်ချောင်း၊ ရုတ်တရက် မှုတ်ထုတ်သည် ။

ဟန်ကောင်းချန်က ကမန်းကတန်းပင် ရှောင်လိုက်သေးသည် ။

အသက်(၂၅)အရွယ်သာ ရှိသော်လည်း ဟန်ကောင်းချန်၏ သိုင်းပညာက အတော်ပင် အဆင့်မြင့်သည် ။ အတွေ့အကြုံကလည်း တကယ့်ဝါရင့်သိုင်းသမားကြီး တစ်ယောက် နီးပါးမျှပင် ကြွယ်ဝ ပြည့်စုံသည် ။

အနီးကပ် အလစ်ဖမ်း တိုက်ခိုက်ခံရသည့်တိုင် သူ၏ သိုင်းပညာစွမ်းရည်၊ ရင့်ကျက်သော အတွေ့အကြုံတို့ နှင့် ဆိုသော် လွတ်အောင် ရှောင်နိုင်စွမ်း ရှိသည် ။ သာမန် အခြေအနေတွင် ဆိုလျှင် ဟန်ကောင်းချန်ကို အလစ်ဖမ်း တိုက်ခိုက်မှု အောင်မြင်ရန် အလွန်ခဲယဉ်းသည် ။

သည် လိုအခြေအနေတွင် ရုတ်တရက် အနီးကပ် အလစ်ဖမ်းကာ တိုက်ခိုက်လာမှုကို ရင်ဆိုင်လိုက်ရခြင်း ဖြစ်သည် ။

ရှောင်တိမ်းသည် ဆိုရာတွင် လည်း သတိရှိနေ၍ ရှောင်သည် မဟုတ်။ လေ့ကျင့်သားရနေသော သိုင်းသမားတစ်ယောက်၏ အရေးကြုံလာချိန် အလိုအလျောက် တုံ့ပြန် လှုပ်ရှားလိုက်သည့် သဘောမျိုးသာ ဖြစ်သည် ။

သည် တော့ ...။

လုံးလုံးလျားလျား လွတ်အောင်ပင် မရှောင်နိုင်ပါ။

မိန်းမပျိုလေး မှုတ်ထုတ်လိုက်သော အပ်ပျံလေးသည် ဟန်ကောင်းချ န်၏ လည်ပင်း ညာဘက်အစွန်းနားကို ရှပ်၍ ထိသည် ။

အပ်ဖျားနှင့် ချစ်မိသွားသည့် သွေးစို့ရုံမျှသော အစင်းရာလေး စပါး လုံးတစ်ထောက်စာမျှ ဖြစ်သွားသည် ။

ဒဏ်ရာသေးသေးလေး ဖြစ်သော်လည်း မီးစနှင့်အထိုးခံရသလို ပူ လောင်မှုဒဏ် ပြင်းပြင်းပြပြ ခံရသည် ။

ရင်ဝတွင် စူး၍ အောင့်ကာ ဆို့ကျပ်သည် ။ ခေါင်းထဲ မူးဝေ နောက် ကျိုလာသည် ။

အပ်တွင် ပြင်းထန်သော အဆိပ်ပါရှိကြောင်း ချက်ချင်းသိမည်။

ဟန်ကောင်းချန်သည် အသက်လု ခုခံကွက်ဆင်သည့် အနေဖြင့် လ က်ဝါးတစ်ချက် ရိုက်ထုတ်သည် ။

"ဖြောင်း"

"ဘုန်း"

စုစည်း ရရှိနိုင်သေးသမျှသော အတွင်းအားများကို အကုန်စင် စုစည်းကာ ခပ်ကြမ်းကြမ်း ရိုက်ထုတ်လိုက်သော လက်ဝါးချက်သည် မိ န်းမပျိုလေး၏ ရင်ဝကို ကျကျနန ရိုက်မိသည် ။

"အွတ်"

လက်ဝါးရိုက်ချက် အထိခံရမှုကြောင့် မိန်းမပျိုလေးမှာ ညည်းသံတစ် ချက်ပြုကာ သုံးလေးပတ်မျှ လိမ့်ထွက်သွားသည် ။

"ရှင်က အလာကြီးပဲ။ သေမင်းနက်အဆိပ်အပ် ထိမိတာတောင် တို

က်ခိုက်နိုင်သေးတယ်။ ဒီဓားနဲ့ ရှင့်အသက်ကို နုတ်ရမယ်"

လက်ဝါးဒဏ်ကြောင့် လိမ့်ထွက်သွားသော မိန်းမပျို လူးလဲ ထလာပြီး ပြောသည် ။ မိန်းမပျို၏ နှုတ်ခမ်းညာထောင့်စွန်းမှ သွေးကြောင်းလေး စီးကျနေသည် ။ လှုပ်ရှားပုံကလည်း မမှန်။ ယိုင်တိယိုင်တိုင် ဖြစ်နေသည် ။

ဟန်ကောင်းချန်မှာ တော့ အဆိပ်ဒဏ်ကို အပြင်းအထန် ခံနေရသည် ။ အရုပ်ကြိုးပြတ် ပုံရက်သား လဲကျလျက် ခေါင်းပင် မထူနိုင်။ သတိလစ်လုလုပင် ဖြစ်နေသည် ။

မိန်းမပျို၏ ဓားချက်ကို လည်စင်းခံရမည့် အခြေအနေဆိုက်နေပြီ။

***

နေဝင်တော့မည်။

သည် အတိုင်းဆိုလျှင် မိုးမချုပ်မီ အိမ်သို့ ပြန်ရောက်နိုင်ပါမည်လားဟု တွေးလျက် ယောင်ကြည်လင် ပို၍ ခြေလှမ်းသွက်သွက် မြန်မြန်လျှောက်လှမ်းသည် ။

ယောင်ကြည်လင်သည် တောတောင်ထဲတွင် ဆေးပင်၊ ဆေးမြစ်နှင့် ဆေးဖက်ဝင်ပစ္စည်းများ အရှာထွက်ခဲ့ရာ အဖိုးတန် ရှားပါးသော အေးစိမ့်လောင်မီးဆေးပင်ကို တွေ့ရှိခဲ့ရာ အမြစ်များ အပါအဝင် တစ်ပင်လုံး ရရှိအောင် သေသေချာချာ ဂရုစိုက် တူးယူနေရသည့်အတွက် အိမ်ပြန်မိုးချုပ်သွားခြင်း ဖြစ်သည် ။

ခပ်သုတ်သုတ် လျှောက်လှမ်းသွားနေသော ယောင်ကြည်လင်၏ နားထဲတွင် တိုက်ခိုက်သံနှင့် အော်သံဟစ်သံများ ကြားရသည် ။ အိမ်ကို အမြန်ပြန်ရောက်ရန် သွားနေသော်လည်း မိန်းကလေးပီပီ စပ်စုစိတ်လေးကလည်း ရှိသည့်အတွက် အသံများ ပေါ်လာရာသို့ လှစ်ခနဲ ပြေးသွားသည် ။

လပြည့်တံခွန် ကိုယ်ဖော့ပညာကို သုံးသောကြောင့် လှုပ်ရှားဟန် ပေါ့ပါးမြန်ဆန်သည် ။

အသံများ ပေါ်ထွက်လာရာသို့ ရောက်သွားပြီး တွေ့မြင်လိုက်ရသည်က ယောင်ကြည်လင် အတွက် အတွေးမျိုးစုံ ပွားဖွယ်ရာ ဖြစ်သည် ။

"ဒီလူက ဟိုမိန်းကလေးကို အနိုင်ကျင့်နေတာများ လား"

တွေ့ စတွင် တော့ ယောင်ကြည်လင် ဤသို့ တွေးလိုက်မိသေးသည် ။

မိန်းကလေးဘက်က ဝင်ရောက် ကူညီပေးမည် စိတ်ကူးဖြင့် ဘေးဆီးရန်ကာ သဘော ဆောင်ထားသော ဓားတိုလေးကို ဆွဲထုတ်ယူသည် ။

လူရွယ်က သူ၏ အပေါ်ဝတ်အင်္ကျီရှည်ကြီးကို ချွတ်ကာ မိန်းမကို လွှမ်းခြုံပေးလိုက်သည် ကို ဆက်တွေ့ရတော့ ယောင်ကြည်လင် အရမ်းမလှုပ်ရှားသေးပဲ ကိုယ်ရှိန်အသာသတ်ကာ ဆက်အကဲခတ် ကြည့်သည် ။

လူရွယ်၏ လှုပ်ရှားမှုများက မိန်းမကို အနိုင်အထက် ပြုသည့်အသွင် မရှိ။

ကူညီကာကွယ်နေသည့် သဘောမို့ ယောင်ကြည်လင် စိတ်ထဲ ဇဝေဇဝါ ဖြစ်သည် ။

ထို့နောက် ...

လူရွယ် ရုတ်တရက် လှုပ်ရှားရှောင်တိမ်းပြီး လက်ဝါးရိုက် ချက်တစ်ချက် ရိုက်ထုတ်လိုက်သည် ကို မြင်ရသည် ။ လဝန်းစကြာ ရဲတိုက်၏ သွေးရောင်လက်ဝါးသိုင်း ဖြစ်ကြောင်းလည်း သိလိုက်သည် ။

လက်ဝါးရိုက်ချက် အထိခံရလျက် မိန်းမပျို လိမ့်ထွက်သည် ။ လူရွယ်လည်း ဒူးညွတ်ကာ ပုံရက်သား လဲကျသည် ။

ဘာတွေ ဘယ်လိုဖြစ်ကုန်မှန်း ယောင်ကြည်လင် မသိ။

"ရှင်က အလာကြီးပဲ။ သေမင်းနက်အဆိပ်အပ် ထိမိတာတောင် တိုက်ခိုက်နိုင်သေးတယ်။ ဒီဓားနဲ့ ရှင့်အသက်ကို နုတ်ရမယ်"

သည် တော့မှ ပင် အခြေအနေမှန်ကို ယောင်ကြည်လင် သဘောပေါက် နားလည်သည် ။ ထို့ပြင် မိန်းမပျိုလေး ပြောလိုက်သော သေမင်းနက်အဆိပ်အပ်ဆိုသည့် စကားနှင့် ဆက်စပ်ကာ တစ်စုံတစ်ရာကို တွေးမိကာ ရိုးတစ်လျှောက် စိမ့်အေးအောင်ပင် တုန်လှုပ်သွားသည် ။

"အမိုက်မှောင်မိစ္ဆာမ"

ပါးစပ်မှ ပင် အမည်တစ်ခုကို လွှတ်ခနဲ ရေရွတ်လိုက်မိသည် ။

ယောင်ကြည်လင်၏ ဖခင်ကြီး ယောင်အိမ်ကိသည် သေမင်းနက်အဆိပ်အပ် အထိခံရပြီး အဆိပ်ဒဏ်သင့်နေသူ တစ်ယောက်ကို ကုသခဲ့ဖူးရာ ဖခင်ကြီးပြောပြ၍ အမိုက်မှောင်မိစ္ဆာမ အကြောင်းကို ယောင်ကြည်လင် ကြားဖူးထားသည် ။

လူကိုယ်တိုင် မတွေ့ဖူး၊ မဆုံဖူးသေးသော်လည်း အဆိပ်လက်နက်များ သုံးကာ ရက်စက်ကြမ်းကြုတ်သူ တစ်ယောက်ဟု သိထားသည် ။

သေမင်းနက်အဆိပ်အပ် အထိခံရလျက် အကြီးအကျယ် အဆိပ်တက်နေသူကိုတော့ သူမ၏ ဖခင်ကြီး ယောင်အိမ်ကိက ကုသမပေးနိုင်ဘဲ သေဆုံးသွားခဲ့သည် ။

"အဆိပ်တစ်ထောင်ဖြေဆေး အောင်မြင်အောင် မဖော်စပ်နိုင်သေးတာ နာတာပဲ၊ အဆိပ်တစ်ထောင်ဖြေဆေး ဖော်စပ်ထားနိုင်ရင် အမိုက်မှောင်မိစ္ဆာမရဲ့ သေမင်းနက် အဆိပ်အပ်ဒဏ်ရာကို ကုသပေးနိုင်မှာ "

ထိုစဉ်က ဖခင်ကြီး ယောင်အိမ်ကိ ရေရွတ်ပြောဆိုခဲ့သည့် စကားများကိုလည်း ယောင်ကြည်လင် မမေ့သေးပါ။

ယခုတော့ အမိုက်မှောင်မိစ္ဆာမကို လူကိုယ်တိုင် တွေ့နေရပြီ။

ယောင်ကြည်လင်၏ လွှတ်ခနဲ ရေရွတ်သံကြောင့် အမိုက်မှောင်မိစ္ဆာမ ခြေလှမ်းတစ်ချက် တုံ့သည် ။ ရေရွတ်သံပေါ်လာရာသို့ ဆတ်ခနဲ လှမ်းကြည့်သည် ။

ထိုအချိန်မှာ ပင် ယောင်ကြည်လင်က သူမ၏ လက်ထဲရှိ ဓားတိုလေးဖြင့် လှမ်းပစ်ပေါက်သည် ။

"ဝိုး"

"ဒလံ"

အမိုက်မှောင်မိစ္ဆာမက သူမထံသို့ တန်းဝင်လာသော ဓားတိုလေးကို ဓားမြှောင်ဖြင့်ဆီးကာ ရိုက်ထုတ် ဖယ်ရှားပစ်လိုက်သည် ။ ဓားတိုလေး ဘေးဘက်သို့ လမ်းကြောင်း ပြောင်းကာ လွင့်စဉ် ထွက်သွားသည် ။

ဓားမြှောင်ကိုင်ထားသော အမိုက်မှောင်မိစ္ဆာမ၏ ညာလက်ကျဉ်ခနဲဖြစ်သည် ။ ရင်ဝတွင် လည်း တစ်ချက်တစ်ဆို့သည် ။ လက်ဝါးရိုက်ချက်ဒဏ်မှာ မိမိထင်သည် ထက် ပိုပြင်းကြောင်းကို အမိုက်မှောင်မိ

စ္ဆာမ နားလည်လိုက်ရသည်။

ဟန်ရေးပြလှန့်ကွက် တစ်ခွက် ဆင်ပြီးနောက် လှစ်ခနဲ ထွက်ပြေးလေတော့သည်။

အမိုက်မှောင်မိစ္ဆာမ ပြေးထွက်သွားသည့် နောက်ကိုလည်း မလိုက်။ အဆိပ်သင့်ကာ ခွေရက်သား လဲနေသော လူရွှယ်၏ ဘေးတွင် ဒူးတုပ်ထိုင်ကာ အမြန် စမ်းသပ်ကြည့်သည်။

သွေးတိုးနှုန်း၊ နှလုံးခုန်နှုန်းနှင့် အသက်ရှူမှုတွေကတော့ မူမမှန်။ သေမင်းနက်အဆိပ်အပ်၏ အဆိပ်ဒဏ်သင့်နေကြောင်း သိသာ ထင်ရှားသည်။

ယောင်ကြည်လင်သည် ဘာမျှ တွေဝေ စဉ်းစားမနေတော့။ မနေ့တစ်နေ့ကမှ ရရှိထားသော အဆိပ်တစ်ထောင် ဖြေဆေးကို အမြန်ထုတ်ကာ လူရွှယ်၏ ပါးစပ်ထဲသာထည့်ကာ တိုက်ကျွေး လိုက်သည်။ လူရွှယ်သည် သတိလစ် မေ့မြောနေသော်လည်း ဆေးဝါးကုသမှုတွင် ကျွမ်းဝင်နားလည်သော ယောင်ကြည်လင် အနေဖြင့် အခက်အခဲမရှိဘဲ အလွယ်တကူပင် ဆေးဝင်အောင် တိုက်ကျွေးနိုင်သည်။

အဆိပ်တစ်ထောင်ဖြေဆေး တိုက်ပြီးနောက် လူရွှယ်၏ အသက်ကယ် သွေးကြောကွက်နေ ရာများကို ထိုးနှိပ်ပြုစုပေးသည်။

မကြာမီပင် လူရွှယ်၏ သွေးတိုးနှုန်း၊ နှလုံးခုန်နှုန်းနှင့် အသက်ရှူမှုများ ပုံမှန်ဖြစ်လာသည်။ သတိမူ မရသေး။ လောလောဆယ် အသက်အန္တရာယ် မရှိရအောင် အရေးပေါ် ပြုစုပေးနိုင်ပြီးသော်လည်း သေမင်းနက်အဆိပ်အပ်၏ ပြင်းထန်သော အဆိပ်ဒဏ်ကို ကင်းစင်အောင် ဖယ်ရှားပေးဖို့ လိုအပ်သေးသည်။

အနီးတွင် ကကြိုးတန်ဆာပလာများ အပြည့်အစုံ ဆင်ထားသော မြ င်းနက်ကြီးတစ်ကောင် ရှိနေရာ ယောင်ကြည်လင်က သတိလစ် မေ့မြောနေသော လူရွယ်ကို မြင်းကုန်းနှီးပေါ် ကန့်လန့်ဖြတ် တင်သည်။

ပြီးတော့ သူကိုယ်တိုင်လည်း မြင်းနက်ကြီးပေါ် တက်စီးကာ ယုန်စု ကျေးရွာဆီသို့ အပြင်းစိုင်းနှင့် ထွက်သွားသည်။

***